အဂ္ဂမဟာပဏ္ဍိတ

မကာရုလောပအကျော်

မန်လည်ဆရာတော်ဘုရားကြီးသည်

ပရမတ္ထဝိဘာဝိနီခေါ်ဋီကာကျော်ကို

လယ်တီပယ်ရာဌ်

ဆုံးဖြတ်တော်မူအပ်သော

ဋီကာကျော် ဝိဝါဒ

၃၁၁

အဂ္ဂမဟာပဏ္ဍိတ

မကာရလောပအကျော်

မန်လည်ဆရာတော်ဘုရားကြီးသည်

ပရမတ္ထဝိဘာဝိနီခေါ်ဋီကာကျော်ကို

လယ်တီပယ်ရာ၌

ဆုံးဖြတ်တော်မူအပ်သော

ဋီကာကျော် ဝိဝါဒ

ဝိနိစ္ဆယ

ပုံနှိပ်ခြင်း

ပထမအကြိမ် ၂၀၁၅ ခုနှစ် ဇွန်လ

တန်ဖိုး - ဓမ္မဒါန

ထုတ်ဝေသူ

ဦးထွန်းရီ (ဝဝ၃၉၇)

(မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့)

အမှတ်(၂၅)၊ ဗိုလ်စောဦးလမ်း၊ အရှေ့သာဓုရပ်ကွက်၊

ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပုံနှိပ်သူ

ဦးကျော်သူ (ဝဝ၇၅၆)

ဇေယျာသုခပုံနှိပ်တိုက် (၂)

အမှတ် - (၁၆၃/ဘီ)၊ ၄၅-လမ်း၊ ၁၀-ရပ်ကွက်

ဗိုလ်တထောင်မြို့နယ်။

မန်လည်ဆရာတော်ဘုရားကြီး

ဦးကာကျော် ဝိဝါဒ ဝိနိစ္ဆယ/ မန်လည်

ဆရာတော်ဘုရားကြီး ။ - ရန်ကုန် ၊

မန်လည်စာပေ၊ ၁-ကြိမ် ၊ ၂၀၁၅။

၅၅ - စာ ၊ (၁၄ × ၂၀) စင်တီ။

(၁) ဦးကာကျော် ဝိဝါဒ ဝိနိစ္ဆယ

၁၃၆၄-ခုနှစ်တွင်ပြန်လည်ဖွဲ့စည်းသော မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့.

နာယကအဖွဲ့.

(၁) ဦးဉာဏဝံသ မန်လည်ကျောင်းကြီးဆရာတော် (ပဌမ)
(၂) ဦးဣန္ဒ အင်းတော်စက်ကုန်းကျောင်း ဆရာတော်
(၃) ဦးဣန္ဒာသီရိ အင်းတော်မြို့မကျောင်း ဆရာတော်
(၄) ဦးသိန်းဖေ မန်လည်တောင်ရပ်
(၅) ဦးစက်ဖေ အောင်ချမ်းသာရပ်ကွက်၊ အင်းတော်မြို့.

အမှုဆောင်အဖွဲ့.

၁။	ဦးဓမ္မိက	ဝါဆိုဦးကျောင်း၊ ရန်ကုန်	ဥက္ကဋ္ဌ
၂။	ဦးပဏ္ဍိတ	မြို့မကျောင်း၊ အင်းတော်မြို့.	ဒုဥက္ကဋ္ဌ (၁)
၃။	ဦးပညာဝံသ	တောင်ရွာကျောင်း၊ မိုးကုတ်မြို့.	ဒုဥက္ကဋ္ဌ (၂)
၄။	ဦးဓမ္မိက	မန်လည်ကျောင်း၊ မိုးကုတ်မြို့.	အဖွဲ့ဝင်
၅။	ဦးခေမိန္ဒ	ဆည်ရွာကျောင်းဆရာတော်	။
၆။	ဦးမာယိန္ဒ	မြို့မကျောင်းတိုက်၊ အင်းတော်မြို့.	။
၇။	ဦးဉာဏိက	မြို့မကျောင်းတိုက်၊ အင်းတော်မြို့.	။
၈။	ဦးစန္ဒိမာ	မန်လည်မြောက်ကျောင်းဆရာတော်	။
၉။	ဦးစန္ဒိမာ	မန်လည်တောရကျောင်းဆရာတော်	။
၁၀။	ဦးပုညောဘာသ	ဝါဆိုဦးကျောင်း၊ ရန်ကုန်	။
၁၁။	ဦးတင်ကြည်	ညွှန်ကြားရေးမှူး-ငြိမ်း(စာပေစိစစ်)ရန်ကုန်	။
၁၂။	ဦးထွန်းရီ	ရန်ကုန်	။
၁၃။	ဦးကျော်ဦး	မန်လည်တောင်ရပ်	။
၁၄။	ဦးလှကျော်	မန်လည်တောင်ရပ်	။
၁၅။	ဦးမြဖေ	မန်လည်ဝါးဖြူတောင်	။
၁၆။	ဦးကျော်အေး	ဝါးဖြူတောင်ရွာ	။
၁၇။	ဦးထွန်းဖေ	မန်လည်မြောက်ရပ်	။
၁၈။	ဦးသာဒင်	မန်လည်မြောက်ရပ်	။
၁၉။	ဦးစံရွှင်	အောင်မေတ္တာရပ်ကွက်	။
၂၀။	ဦးကိုမင်း	အောင်မေတ္တာရပ်ကွက်	။
၂၁။	ဦးဝိရိန္ဒ	အင်းတော်မြို့မကျောင်း	တွဲဖက်အတွင်းရေးမှူး (၁)
၂၂။	ဦးဝိမလ	မန်လည်ကျောင်းကြီး	တွဲဖက်အတွင်းရေးမှူး (၂)
၂၃။	ဦးမြင့်အောင်	အောင်ချမ်းသာရပ်ကွက်၊ အင်းတော်မြို့.	အတွင်းရေးမှူး

ဓမ္မဒါန အလှူရှင်

ဦးကျော်သူ + ဒေါ်လှလှဝင်း

ဇေယျာသုခပုံနှိပ်တိုက်

၁၆၃၊ ၄၅-လမ်း၊ ဗိုလ်တထောင်ပြို့နယ်၊ ရန်ကုန်မြို့

မန်လည်ဆရာတော်ဘုရားကြီး
ရေးသားဆုံးဖြတ်တော်မူအပ်သော
ဦးကာကျော် ဝိဝါဒ ဝိနိစ္ဆယ

နိဒါန်း

မန်လည်ဆရာတော်ဘုရားကြီး ရေးသားတော်မူသောကျမ်းစာများသည် ပေစာမူ၊ စက္ကူလက်ရေးမူအဖြစ်ဖြင့်သာရှိနေခဲ့ရာ ၎င်းစာမူများကို တစ်ချို့ ပုဂ္ဂိုလ်များက ငှားယူပြီး ပြန်မပို့၊ တစ်ချို့က စာမူကို ကိုယ်ပိုင်မူအဖြစ်ဖြင့် ရိုက်နှိပ်ထုတ်ဝေကြသည်ကို တွေ့မြင်ရပါသည်။ ရိုက်နှိပ်ထုတ်ဝေသောစာအုပ်များကို ဆရာတော်ဘုရားကြီးရေးသားတော်မူသော စာမူများနှင့် တိုက်ဆိုင်ကြည့်ရာ တစ်ချို့နေရာမှာ မတူကွဲလွဲနေသည်ကိုတွေ့မြင်ရပါသည်။ အဲဒီလို မတူကွဲလွဲနေသည်ကို တွေ့မြင်ရသော အင်းတော်မြို့၊ မြို့မပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် (ဦးနန္ဒဝံသ အဂ္ဂမဟာပဏ္ဍိတ) သည် မန်လည်ဆရာတော်ကြီးရဲ့စာမူများ ပျက်စီးမည့်အရေးကို နှလုံးသွင်းတော်မူပြီး မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်း၍ စောင့်ရှောက်မှ ကောင်းမည်ဟု နှလုံးသွင်းတော်မူပြီး မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ကိုဖွဲ့စည်းရန် တတိယမန်လည်ဆရာတော် (ဦးပုည) ကို လျှောက်ထားရာ ဆရာတော် (ဦးပုည) ကလည်း ကောင်းသောအစီအစဉ်ဖြစ်၍ ဝမ်းမြောက်ကြောင်း ကြည်ဖြူစွာ ခွင့်ပြုတော်မူပါသည်။

အဲင်းတော်မြို့၊ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော် (ဦးနန္ဒဝံသ) သည် တတိယမန်လည်ဆရာတော် (ဦးပုည) ထံမှ ခွင့်ပြုချက်ရတော့–

၁၃၇၇ ခုနှစ် (၁၉၇၅) ခုနှစ်တွင် မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ကို

ဖွဲ့စည်းရန် သင့်လျော်မည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကို အင်းတော်မြို့၊ မြို့မပရိယတ္တိစာသင်တိုက်သို့ ပင့်လျှောက်ဖိတ်ခေါ်ပြီး မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းရန် ပင့်လျှောက်ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း အမိန့်ရှိရာ ကြွရောက်တော်မူကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကလည်း နှစ်သက်ဝမ်းမြောက်စွာဖြင့် မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့တွင် ပါဝင်ဖွဲ့စည်းကြပါသည်။ အဖွဲ့၏တည်ရာကိုလည်း အင်းတော်မြို့၊ မြို့မပရိယတ္တိစာသင်တိုက်မှာ သတ်မှတ်ကြပါသည်။

မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့၏ရည်ရွယ်ချက်–

မန်လည်ဆရာတော်ဘုရားကြီး၏စာပေများကို ----

၁။ တိမ်းပါးမှားယွင်းခြင်းမရှိစေရန်စောင့်ရှောက်မည်။

၂။ ပျက်စီးချွတ်ယွင်းခြင်းမရှိစေရန် ထိန်းသိမ်းမည်။

၃။ တိန်မြုတ်ပျောက်ကွယ်ခြင်းမရှိစေရန် ဖော်ထုတ်မည်။

၄။ တစ်ဦးတစ်ယောက် အမြတ်အစွန်းရရှိရေးအတွက်မဟုတ်၊ တိုင်းပြည်နှင့် သာသနာကြီးပွားရေးအတွက် ရိုက်နှိပ်ထုတ်ဝေမည်။

ဤရည်ရွယ်ချက်များနှင့်အညီ အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များသည် မိမိတာဝန်ကျရာ ဆောင်ရွက်ကြပါသည်။

အဖွဲ့အစည်းမှ ဆရာတော်များဦးဆောင်ပြီး မန်လည်ဆရာတော်ဘုရားကြီး၏စာမူများကို စိစစ်ကြရာ တစ်ချို့မှာ နာမည်သာရှိပြီး စာမူမရှိဖြစ်နေပါသည်။ ဦကာကျော် ဝိဝါဒ ဝိနိစ္ဆယလည်း နာမည်သာရှိပြီး စာမူမရှိသည့်အထဲတွင် ပါဝင်နေပါသည်။ နာမည်သာရှိပြီး စာမူမရှိသည့် စာမူများကို စုံစမ်းရန် အင်းတော်မြို့၊ မြို့ပရိယတ္တိစာသင်တိုက်ဆရာတော် (ဦးနန္ဒဝံသ) ၏ မိန့်ကြားချက်အရ စုံစမ်းကြရာ စုံစမ်းလို့မရသည့်စာမူက များပါသည်။ ဤဦကာကျော်ဝိဝါဒ ဝိနိစ္ဆယကို ကာလအတော်ကြာမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ကန်တော်ကလေး၊ ၉၂-လမ်း၊ မင်္ဂလာပုံနှိပ်သို့ရောက်စဉ် မန်လည်ဆရာတော်ကြီး၏ စာမူအကြောင်းအရာကို ပုံနှိပ်တိုက်ပိုင်ရှင် ဦးကြီးခင်နှင့် ပြောကြရာ ဦးကြီးခင်က ဒို့ကာကျော် ဝိဝါဒ ဝိနိစ္ဆယစာမူ သာကေတ၊ ရှုခင်းသာလမ်း၊ ဓမ္မနီတိကျောင်းဦးတိသ(စာရေးဆရာဦးကံချွန်)ထံရှိကြောင်း ပြောပြချက်အရ သွားရောက်စုံစမ်းရာ ဦးတိသ (စာရေးဆရာဦးကံချွန်) ကို တွေ့ရပါသည်။ လာရောက်သည့်အကြောင်းကို ပြောပြရာ ဒို့ကာကျော် ဝိဝါဒ ဝိနိစ္ဆယစာမူရှိကြောင်းပြောပါသည်။ ၎င်းစာမူကို ရေးကူးရန် ငှားလိုကြောင်းပြောရာ ကြည်ကြည်ဖြူဖြူပင် ငှားပေးပါသည်။ ဒို့ကာကျော် ဝိဝါဒ ဝိနိစ္ဆယနှင့် ဆက်စပ်သည့် ကျမ်းစာအုပ်ကိုပါ ငှားပေးပါသည်။ ၎င်းဒို့ကာကျော် ဝိဝါဒ ဝိနိစ္ဆယစာမူမျိုးကို တောင်ကြီးမှာ တစ်မူရကြောင်း အဖွဲ့မှ ပြောပြချက်အရ သိရပါသည်။ ၎င်းတောင်ကြီးမှရသည့် စာမူကို မဖတ်လိုက်ရပါ။ ၎င်းစာမူကိုရပြီး ရိုက်နှိပ်ရန် ဦးဆောင်ဆရာတော် (ဦးနန္ဒဝံသ) ကို လျှောက်ထားကြရာ ဆရာတော်က မန်လည်ဆရာတော်ကြီးရဲ့ မှတ်ချက်သဘောမျိုးဖြစ်နေတယ်။ ဝေဖန်စရာဖြစ်လာနိုင်တယ်လို့ မိန့်တော်မူပြီး မရိုက်နှိပ်ရန် မိန့်တော်မူပါသည်။

၎င်းဒို့ကာကျော် ဝိဝါဒ ဝိနိစ္ဆယနှင့် ပတ်သက်ပြီး သာသနာရေးဦးစီးဌာနသို့ ရောက်စဉ် ဦးမြင့်မောင် (လက်ထောက်ညွှန်ကြားရေးမှူး) ကို ပြောပြရာ ဦးမြင့်မောင်က တပည့်တော်လည်း မန်လည်ဆရာတော်ကြီး ဆုံးဖြတ်တော်မူသည့် ဒို့ကာကျော် ဝိဝါဒ ဝိနိစ္ဆယရှိကြောင်း ကြားဖူးတယ်။ စာမူကိုတော့ မဖတ်လိုက်ရဘူးလို့ ပြောပါသည်။ ၎င်းစာမူကို အင်းတော်မြို့၊ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော် (ဦးနန္ဒဝံသ) က ရိုက်နှိပ်ခွင့်မပေးကြောင်းပြောပြရာ ဦးမြင့်မောင်က ဆရာတော် (ဦးနန္ဒဝံသ) ရိုက်နှိပ်ခွင့်မပေးရင် ရှိမှန်းသိကြောင် ရိုက်နှိပ်ပြီး စာကြည့်တိုက်များမှာ ပို့ထားရင် ကောင်းကြောင်း အကြံပေးပြောပါသည်။ အကြံပေးစကားကြားရသော်လည်း အကြောင်းမညီညွတ်လို့ မရိုက်နှိပ်ဖြစ်ပါ။ ယခုအချိန်အခါမှာ အကြောင်းညီညွတ်လို့ ရိုက်နှိပ်ရန်ဆုံးဖြတ်ချက်ချပြီး ရိုက်နှိပ်ပါသည်။ ရိုက်နှိပ်ပြီးစာအုပ်ကို ဦးမြင့်မောင်အကြံပေးသည့်

အတိုင်း စာကြည့်တိုက်များမှာ ပေးပို့လှူဒါန်းပါမည်။

ဤဦးကာကျော် ဝဝါဒ ဝိနိစ္ဆယကို ရိုက်နှိပ်ခြင်းသည် မန်လည်ဆရာတော်ကြီး ဆုံးဖြတ်တော်မူသည့် ဦးကာကျော် ဝဝါဒ ဝိနိစ္ဆယကို စာပေသုတ ရှာဖွေကြသည့် ပုဂ္ဂိုလ်များ သိစေချင်၊ ဖတ်ရှုစေချင်သည့် ဆန္ဒဖြင့် ရိုက်နှိပ်ခြင်းဖြစ်ပါသည်။

ရိုက်နှိပ်သည့်စာမူသည် မူလလက်ရေးမူအတိုင်းဖြစ်ပါသည်။ သို့သော်လည်း အဆင့်ဆင့်ရေးကူးသော စာမူဖြစ်နိုင်၍ ချွတ်ယွင်းမှုဖြစ်နိုင်ပါသည်။ အကယ်၍ ချွတ်ယွင်းချက်တွေ့ရှိပါက ပြုပြင်သည်းခံဖတ်ရှုကြပါရန် ပန်ကြားအပ်ပါသည်။

မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့

အင်းတော်/ရန်ကုန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အဘိမုတ္ထဝိဘာဝနီခေါ် ဌိကာကျော်ကို လယ်တီပယ်ရာ၌ မန်လည်ဆရာတော်ဘုရားကြီးသည် ဆုံးဖြတ်တော်မူအပ်သော ဌိကာကျော် ဝိဝါဒ ဝိနိစ္ဆယျ

စိတ်ပိုင်းစီစဉ်ချက်

(၁) အဘိဓာနနှင့် အဘိဓေယျကို တပုဒ်တည်းဖြင့် ကျမ်းဆရာပြမြဲသင်္ဂဟတဗ္ဗ ဘာဝဒဿနေန ဟူသော စကားကိုလယ်တီက သရုပ်ပြထင်၏။ သရုပ်ပြမဟုတ်။ အသင့်ပင်တည်း အဘိဓမ္မတ္ထသင်္ဂဟဟူသော အမည်သည် ကျမ်း၏ အမည်တည်း၊ ၎င်း၏အမည်ဖြင့် ပြအပ်သော တကျမ်းလုံး၏ အနက်သည် အဘိဓေယျမည်၏။

(၂) သာစ ဝန္ဒနေယျ ဝန္ဒကာနံ ဟူသော ဝါကျ၌ ရတ နတ္ထယ ပဏာမ စေတနာကို ဥပထမ္ဘကသတ္တိ ပဋိဘာဟန သတ္တိနှစ်ပါးရှိ၏ဟု ယူရမည်၊ ဤကဲ့သို့ ယူမှ တဿာနုဘာဝေန ဟတန္တရာယော ဟူသော အဋ္ဌကထာစကားနှင့်ညီမည်။ လယ်တီဋီကာ၌ကား ဥပထမ္ဘကသတ္တိမျှသာယူ၍ ဌိကာကျော်ကိုပယ်၏၊ မသင့်။

(၃) သာစဝန္ဒနေယျ ဝန္ဒကာနံ ဟူသော ဝါကျ၌ အနုဗဿပ္ပဒါနဝသေန အားအဆင့်ကို ပေးသည်၏ အစွမ်းအားဖြင့်ဂင်း။ ပဋိဗာဟိတ္တာ ပဋိဗာဟနေန ဂင်း။ ဤကဲ့သို့ အနက်ပေး၍ ဥပထမ္ဘကသတ္တိ ပဋိဗာဟနသတ္တိနှစ်ပါးကိုယူ။ ပဋိဗာဟိတ္တာ ဟူသောပုဒ်ကို သက္ကောဟုတ္တာ နိပ္ပတ္တိ၌ တ္တာပစ္စယန္တပုဒ်ကို တတိယာဝိဘတ်နှင့် ပြရာသကဲ့သို့ မှတ်။ ဤသို့ပြင်၍ပေးခြင်းသည်

ဝိနယဝိနစ္ဆယျနှင့် ညီသည်။ ဒိဋ္ဌမမွ ဝေဒနိယကံသည် ခေတ္တာအဇ္ဈာသယနှင့် ပြည့်စုံခြင်းကြောင့် ၎င်း။ မျက်မှောက်အကျိုးပေးသည်၊ အကြောင်းလေးပါးကိုကား ခုနစ်ရက်အတွင်း အကျိုးပေးသော ပဋိပက္ခဒိဋ္ဌ-ဓမ္မကိုရည်၍ ဆိုသည်။

(၄) ဂုဏ်ပုဒ်သည် ထင်ရှားသည် ဖြစ်စေ မထင်ရှားသည်ဖြစ်စေ လိုရင်းမဟုတ် အမည်ကိုဟောသောပုဒ်ဖြင့် သာမညဖြစ်သည်။ ထို့ကြောင့် အတုလံဟူသော ပုဒ်ဖြင့် အထူးပြု၍ ဋီကာကျော်ဆရာဆိုသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဂုဏ်တော်ကိုးပါးကို ဟောရာ၌၊ အစဉ် နာမဝါစက သဒ္ဒါကိုဟောပြီး ဖြစ်လျက် နောက်၌လည်း ထိုဘဂဝါ သဒ္ဒါကို အထူးပြုခြင်းငှါ ဂုဏဝါစက ဘဂဝါသဒ္ဒါကို ဟောတော်မူပြန်သည်။ လယ်တီဋီကာ၌ကား ယထာဝုတ္တ ဝစနတ္ထ-ယောဂေ စသော စကားကို ပယ်ခြင်းသည် မသင့်။

(၅) တုလာယ သမိမံတော တုလော စသောစကားကို ဋီကာကျော်ဆိုခြင်းသည် ပါဏိနီသုတ် သိဒ္ဓန္တကောမုနိ၌ အဖွင့်နှင့်တကွ ဗောဓိဋီကာဟုဆိုအပ်သော ဗျာကရဏ်းကျမ်းတို့၌ လာသောကြောင့် ဝတ္တိစ္ဆာအားဖြင့် ဆိုသည်မဟုတ်၊ ထို့ကြောင့် တုလာယ သမိမံတော စသော စကားကိုပယ်ခြင်းသည် မသင့် သမိမံတော ရှိမှသင့်မည် တုလာယ၊ ဖြင့်။ သမိမံတော၊ ပိုင်းဖြတ်အပ်သော ပုဂ္ဂိုလ်တည်း။ ဤကဲ့သို့ အနက်ပေး တထွဗောဓိဋီကာနှင့် ညီမည်။

(၆) လယ်တီဋီကာ၌ သမ္မာသမ္ဗုဒ္ဓံ စသောဂါထာကို အစပ်မပြေဘဲ အဝယဝတ္ထုကိုသာ ဖွင့်ခြင်းသည် အဋ္ဌသာလိနီတိတ်ဖွင့် အစဉ်လာသော အသမ္မုန္ဒဒါသ၊ အလင်္ကာကျမ်း၌လာသော အပေါင်းဖြစ်သော အနက်မှကင်းသော အပေတတ္ထဒါသ ရောက်၏။

နေတ္တိဋီကာဟောင်း မဟာဋီကာတို့ကို ရှင်ဓမ္မပါလပြုသည် နေတ္တိဋီကာဟောင်း ဖလသမ္ပဒါလေးပါးကို ပြရာ၌ ညာဏသမ္ပဒါကို ရှေးဦးစွာပြသည်။ မဟာဋီကာ၌ ပဟာနသမ္ပဒါကို ရှေးဦးစွာပြသည်။ ထိုသို့ပြခြင်းသည် ပိဋကသုံးပုံ

တို့သည် နာနာနယ နိပုဏ္ဏကမ္ဘီရ ဖြစ်သောကြောင့် အထူးထူးအထွေထွေ ပြခြင်းသာဖြစ်သည်။ ဌီကာကျော်ပြသော အစဉ်သည် နေတ္တိဌီကာဟောင်းနှင့် ညီ၏။ လယ်တီဌီကာ၌ နေတ္တိဌီကာ၌လာသည်ကို မသိသောကြောင့် ပယ်၏။ ဌီကာကျော်သည် ညာဏသမ္ပဒါအပေါင်း ပဟာနသမ္ပဒါကားအစိတ်အပေါင်း အစိတ်နှစ်ပါးတို့တွင် အပေါင်းကို ရှေးဦးစွာ ပြလိုသောကြောင့် ဆိုသည်ဟု ကြံလျှင် အသင့်ပင်တည်း။

(၇) လယ်တီဌီကာ၌ မဟာဝိပဿနာဉာဏ်ကို ပဟာနသမ္ပဒါ၌ တနည်း ဆိုခြင်းသည် မသင့်၊ သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းဖြစ်သောကြောင့် ဟေတုသမ္ပဒါ၌သာ ထင်သည်။

(၈) ဌီကာကျော်သည် ဌီကာဟောင်း၌ သဗ္ဗညုတဉာဏ်ကိုသာ ဉာဏသမ္ပဒါဟု ဆိုခြင်းကြောင့် သဗ္ဗညုတဉာဏ်သာမဟုတ် သဗ္ဗညုတဉာဏ်လျှင် နီးစွာသော အကြောင်းရှိသော အရဟတ္တမဂ်ဉာဏ် စသည်တို့သည် ဉာဏသမ္ပဒါမည်၏ဟု သိစေခြင်းငှါဆိုသည်။ သဗ္ဗညုတဉာဏ်ကို ဉာဏသမ္ပဒါ၌ပါဝင်၍ ဆိုသည် မဟုတ် ဌီကာဟောင်းဆိုပြီးဖြစ်၍ သဗ္ဗညုတဉာဏ်၏ ဉာဏသမ္ပဒါ အဖြစ်သည် ထင်ရှားပြီး ဖြစ်သောကြောင့် ထပ်မံ၍ မဆိုပြီ။

(၉) အာစယ ဂါမိနောပုဒ်ကို အစယံ ဂါမိနောဟု မူလဌီကာ ကြံသကဲ့သို့ သဗ္ဗညုတညာဏံ ပဒဋ္ဌာနံဟု ကြံ၍ သဗ္ဗညုတညာဏံ၊ သည်ဟု အနက်ယောဇနာလျှင် လယ်တီဌီကာရေးသမျှ သာရမရှိဖြစ်လေဘိ၏။ အဘိဝါဒိယတေတိ အဘိဝါတဗ္ဗော အဘိဝါဒေတဗ္ဗောဖြင့် ရှိခိုးခြင်းကြိယာရ၏။ ဘောအနက် တဗ္ဗပစ္စည်းသက်။ ဘဝနံ ဘာဝေါ။ ဘဝနံ၊ ခြင်း။ သာဝေါ၊ ခြင်း။ တဒ္ဓိတ်ဘော အာချာတ်ဘော ကိတ်ဘော သုံးပါးတို့တွင် ကိတ်ဘောယူ။ ဆရာတို့ကား တဒ္ဓိတ်ဘော ယူကြ၏မသင့်။ အဘိဝါဒေတဗ္ဗော စသော ဘာဝေါစာတိ၊ တထာအနက်ပေးလေ၊ ဘာဝတဒ္ဓိတ်ကြိယာသဒ္ဒါပရိယာယ်။ အဘိဝါဒေတဗ္ဗော၊ ရှိခြင်း ကြိယာကို အနက်ယောဇနာလေ၊ ဤသို့အနက်ယောဇနာရမည်။

ဋီကာကျော်ဆရာဥပမာပြု၍ ထုတ်သောကြိယာ သမဝါယပြု၏ကို မြင်သဖြင့် အလွန်တရာ သိစရာကောင်းသည်။ လယ်တီဋီကာကား အဘိဝါဒေတဗ္ဗဘာဝေါ ဟူသော ပုဒ်၌ တဗ္ဗပစ္စည်းကို ကံအနက်၌ သက်၏ဟုကြို၍ ၎င်းပုဒ်ကို ဂုဏ်အရကောက် ကြို၍ ဋီကာကျော်ကိုပယ်သည်။ အကြိုချော်၍ ချော်ပစ္စည်း သက်၍ ကြိုခြင်းမျှဖြစ်သောကြောင့်မသင့်။

(၁၀) ဒွိပဒုတ္တမော ဟူသောပုဒ်ကို ဒွိပဒါနံ ဒွိပဒေသုဝါ ဥတ္တမောဒွိပဒုတ္တမော ဟူသော ဗုဒ္ဓဝင်အဋ္ဌကထာ၊ ပုရိသုတ္တမောဟူသော ပုဒ်ကို သက္ကစိန္တာမဏိဋီကာ တို့၌ ပြုအပ်သော ဝစနတ္ထနှင့် ဝိဘာဝနီပြုသော ဂဏာနံ ဂဏေသုဝါ ဒေဝမနုဿာဒိသမ္ပတ္တိဟေသု ဟူသော ဝစနတ္ထသည် ညီသောကြောင့် ၎င်း အဘိဓာန်ကျမ်းအစောင်စောင်တို့၌ ဝိသေသနပုဒ်သည် ဝိသေသျပုဒ်သို့ လိုက်သော လိင်ရှိ၏ဟု ဆိုသောကြောင့်၎င်း ဂုဏ်၌သာလျှင် ဖြစ်သည်မဟုတ် သောကြောင့်၎င်း ဂဏာနံ ဟူသော ဝစနတ္ထကို ပယ်ခြင်းသည် မသင့်။ သမာသ် အရာ၌ နိဒ္ဓါရဏဟေတု နိဒ္ဓါရဏသမုဒါယ နိဒ္ဓါရဏီယ ၎င်းနိဒ္ဓါရဏ လက္ခဏာ ချို့သောကြောင့် တွင် မပေးသင့်ဆိုသော စကား၌ နိဒ္ဓါရဏဟေတု ထုတ်နိုင်က တွင် ပေးသင့်၏ဟု အဘိဓာန် ဋီကာ၌ဆိုသောကြောင့်၎င်း ဋီကာကျော်၌ ဂဏာနံစသော ဝစနတ္ထဝယ် ယထာဝုတ္တဂုဏ ဝသေနဟု နိဒ္ဓါရဏ ဟေတုပါ သောကြောင့် တွင်ပေးသင့်၏ ဝစနတ္ထ၌ ဂဏာနံ၊ နတ်အပေါင်းတို့တွင်။ ဝါ၊ တို့၏။ ဒေဝမနုဿာဒိသမ္ပတ္တိဟေသု၊ တို့တွင်။ ဝါ၊ တို့၏။ ဒေဝမနုဿာဒိသမ္ပ-ဟေသု၊ တို့တွင်။ ဝါ၊ တို့၌ အနက်ပေးလေ။ ထို့တွင် ပေးနိုင်သောကြောင့် ဂဏာနံ ဂဏေသု ဒေဝမနုဿာဒိသမ္ပတ္တိဟေသု ဟူသောပုဒ်သည် ဒြဗ်အပေါင်းဖြစ်သော ပုဒ်ဖြစ်၍ ဥတ္တမောဟူသော ပုဒ်သည် ဒြဗ်အစိတ်၌ဖြစ်သော ပုဒ်ပင်တည်း ဂုဏ်၌သာ ဖြစ်သည်ဟု မမှတ်လင့် ဥတ္တမော၊ မြတ်သော ပုဂ္ဂိုလ်သည် ဟု အနက်ပေးလေ။

(၁၁) လယ်တီဋီကာ၌ လာသော ပဋ္ဌပတိဋ္ဌိတသည် ထိုင်ခြင်း ရပ်ခြင်း

တို့၌ မရသောကြောင့် မသင့်၊ ၎င်းရှိခိုးခြင်းကို ထုင်ခြင်း ရပ်ခြင်းတို့၌ ရသင့်သော ပဋိသမ္ဘိဒါဂဏ်ဟိပုဒ်၌လာသော ဒိဇာဏု ဒိဟတ္ထ နလာဒ္ဓလေဟိ ပဥ္စပတိဋ္ဌိတံ ဟုတ္တာဟု ပဥ္စ ပတိဋ္ဌန ပုဒ်အဖွင့်လာတိုင်းသာသင့်သည်၊ သို့မှ သုတ္တနိပါတ်၌ လာသော မတ်တတ်ရပ်လျှက် ပဥ္စပတိဋ္ဌိတဖြင့် မြတ်စွာဘုရားအထံသို့ လှည့်၍ ရှိခိုးလျက် မောနေယျ ပုဂ္ဂိုလ် သေသည်ဟူသော စကားနှင့် ညီမည်၊ လယ်တီဋီကာ၌ သေဟိ သန္တိ ဘန္တိ ဗုဒ္ဓိ သဒ္ဒါ စတ္ထာတိ အတ္ထောဟု ပြခြင်းသည် ပြရိုးပြုစင်မဟုတ် သဒ္ဒါဆရာများ ဤကဲ့သို့အရာမှာ ကရဏသာဓ်သော်၎င်း အပါဒါန သာဓ်သော်၎င်း ပြုမြဲဖြစ်သည်ကိုချင့်။

(၁၂) ဒယာသတ္တောသု ဟူသောပုဒ်ကို မူလဋီကာဆရာပဌာနဖြစ်သော ပညာကို မစွဲမူ၍ ဖွင့်သကဲ့သို့ ဋီကာကျော်ဆရာ အဘိဓမ္မေဟူသော ပုဒ်ကို ပဌာန မစွဲမူ၍ ဖွင့်ခြင်းသည် အသင့်ပင်ဖြစ်သည်။ အစွဲဆိုသည်ကား ပဓာန အဓာန မရွေးချယ်အပ် အဓိပ္ပါယ် မပျက်က သင့်သည်ချည်း ဋီကာကျော် ယောဇနာပုံကို ဖွင့်ရာ ၎င်းတတ္ထဝုတ္တဂါထာ၌ ကတ္တားကို တထာဂတေဟိထည့်ရမည်။ လယ်တီဋီကာ၌ ၎င်းတတ္ထဝုတ္တာကို ဖွင့်ရာ၌ မယာဟူ၍ ဝုတ္တကတ္တား၏ အဝုတ္တ-ကတ္တားကို ထည့်ခြင်းသည် ဣဒံစိတ္တံ ။လ။ တထာဂတာဟူသော ရုပ်ပိုင်း ပရမတ္ထ-တရားလေးပါး နိဂုမ်း ဂါထာနှင့် မညီသောကြောင့် မသင့် ၎င်းဂါထာ၌ တထာဂတာဟူသော ကတ္တားကိုမြင်သဖြင့် တထာဂတေဟိ ဟူသော ကတ္တားမှ သင့်မည်။

(၁၃) ဋီကာကျော်ဆရာသည် ပရမတ္ထသဒ္ဒါဉာဏ် ဟောဟု ယူသည် မဟုတ် အပေက္ခဟု ယူသည် ထို့ကြောင့် ပရမဿ ဝါ ဥတ္တမဿ ဟူ၍ ဖွင့်သည် အမြတ်ဟူသည် အဘယ်နည်းဟု မေးစရာရှိသောကြောင့် ဉာဏ်ပင်တည်းဟု စကားကျအားဖြင့်ယူ၍ ဆိုသည် အနုဋီကာ၌ ဝိယတ္ထေန ဟူသော စကားကို အတ္ထသဒ္ဒါ အာရုံဟောဟု သိစေလို၍ ဆိုသည် ဘက္ကဋ္ဌမုတ္တာဝလီ အဘိဓာန်ကျမ်း၌ အတ္ထသဒ္ဒါအာရုံဟောသည် သို့ဖြစ်၍ ပရမဿဝါဥတ္တမဿဉာဏဿ ဟူသော

ဝိဂ္ဂဟကို လယ်တီဆရာပယ်ခြင်းသည် မောရုံမျှသာ ဖြစ်သည်။

(၁၄) သက သကိစ္စေသုဟိ ဓမ္မာနံ အတ္ထပ္ပဋ္ဌာနတာ သမာရောပနေန စသော ဝါကျ၌ အတ္ထအရကို တရားဟု ဆိုအပ်သော အတ္ထကို ယူရမည်။ ဤကဲ့သို့ယူမှ ဋီကာကျော်အလိုကြမည် အတ္ထအရာ၌ လယ်တီဆရာကား ပုမတ္ထအားဖြင့် ထင်ရှားမရှိသော လူကိုခေါ် ဝေါ် အပ်သော အတ္ထကို ယုန်ချို လိပ်မွေး ပုဇွန်သွေး ဆိုတာကဲ့သို့ တဒ္ဓမ္မူပစာ အားဖြင့် ဆိုသကဲ့သို့ ထင်ရှား၏ ဆိုခြင်းသည် ဋီကာကျော် နှလုံးသွင်း မကျသောကြောင့် မဆိုသင့်။

(၁၅) စိတ္တံဟူသော ပုဒ်၌ ကတ္တုသာဓန ကရဏသာဓန ပြုသောအခါ ကတ္တားကြိယာ ကရိဏ်း ကြိယာ မပြားသောကြောင့် အဘေဒူပစာ ဖြစ်ရမည် ဋီကာကျော်ဆရာသည် ဧကာလမ္ဗဏဖြင့် စေတသိက်မည်၏ဟု မဆိုလို အကြောင်းကား နောက်၌ စေတသိကံ ယုတ္တံ စေတသိကံ ဟု အဋ္ဌသာလိနီ မဟန္တရဒုက်အဖွင့်၌လာသော စကားကို ဆိုသောကြောင့်တည်း ၎င်းဝစနတ္ထ၌ အဘယ်၏ အစွမ်းဖြင့် ယှဉ်သနည်းဟုမေးလျှင် အဋ္ဌကထာလာသည့်အတိုင်း အဝိပ္ပယောဂ ဝသေနပုဒ်ကို ထည့်ရလိမ့်မည် ဋီကာကျော်ကလည်း အဝိပ္ပယောဂ အရကို သမ္ပယောဂလက္ခဏာပြည့်စုံမှသာလျှင် စေတသိက်မည်၏ဟု ယူရမည့် အဖြစ်ကို ထင်ရှားသိသင့်သည် ရှေးနည်း၌ စိတ်၌စေတသိက်တည်ခြင်း တည်းဟူသော ဩပသိလေသိကာဓာရကို ဆိုသည် နောက်နည်းဖြင့် စိတ်၌ စေတသိက်သည် သမ္ပယောဂလက္ခဏာလေးပါးဖြင့် နှံ့၍တည်ခြင်းတည်းဟူသော ဗျာပိကာ-ဓာရကိုဆိုသည်ဖြစ်၍ (၁၅)ဖြင့် လယ်တီဋီကာပယ်ခြင်းသည် တွေးမိတွေးရာ ပယ်လေသောကြောင့်မသင့်။

(၁၆) (၁၇) လယ်တီဋီကာဆရာသည် ကေစိဝါဒ အပရေဝါဒဟု ပြအပ်သော မူလဋီကာဝါဒကောင်းလုပ်၍ (၁၆) (၁၇) နံပါတ်ဖြင့်ပယ်၏။ မဟာဋီကာ ကေစိ အပရေ ဟုဆိုခြင်းသည်လည်း မြတ်စွာဘုရား သီတေနဝါ ရုပ္ပတိ စသည်ဖြင့် ဟောသောကြောင့် ဟောတော်မူတိုင်းမှ လွန်သော ဃတိယတိ

စသော စကားကို ဆိုခြင်းဟု မှတ်၊ ဝိသုဒ္ဓိမဂ် သမ္မောဌ် အနုပ္ပါဒ နိရောဓ ပစ္စယတာဟု နိဗ္ဗာန်ကို ကရဏသာဓ်လုပ်သော စကားရှိသောကြောင့် ဋီကာကျော်ပြုသော နိဗ္ဗာတိတေတန ဟူသော ကရဏသာဓ် အသင့်ပင်မှတ်ရ မည်၊ ၎င်းဝိသုဒ္ဓိမဂ် အဋ္ဌကထာ သမ္မောဌ် ဝိဂြိုဟ်ပြုလုပ်လျှင် နိရုဇ္ဈတိ ဧတေနာတိ နိရောဓော ဒုက္ခဿ နိရောဓော ဒုက္ခနိရောဓောဟု ဧတေန ဖြင့် နိဗ္ဗာန်ကိုစွဲ ကာယဝစီမနောကမ္မဟိဟု ကံဖြင့် သီဟိုဠ် မဟာဝင် အဋ္ဌကထာ ဖွင့်သည်။

(၁၉) ကာမာဝစရ ဟူသော ပုဒ်၌ သက်ဝင်၍ ဖြစ်သည်ဟူသည် များသော အားဖြင့် ဖြစ်ခြင်းပင်တည်းဟု အဋ္ဌကထာဆရာစကားကျ ဓိပ္ပါယ်ရောက် ဖွင့်သည်နှင့်ဋီကာကျော်စကားညီညွတ်သောကြောင့် (၁၉) ပယ်သော စကားကို ဘူတာပန ပစ္စေတဗ္ဗံ လောဘကို ကိလေသာကာမ ဟူသည်မှတပါးသော လောဘ ဖြစ်သော တေဘူမကတရားသည် ဝတ္ထုကာမတည်း၊ လယ်တီဋီကာ၌ ရူပါဝစရ အရူပါဝစရတို့ကို ဖွင့်ခြင်းသည် အဋ္ဌကထာတို့နှင့် မညီသောကြောင့် မသင့် အဋ္ဌသာလိနီ၌လည်း တေဘူမကတရားဟူသမျှသည် ဝတ္ထုကာမဟု ဖွင့်၏။ ဥပါဒါနပစ္စယာ ဘဝေါ ဟူသော ပုဒ်အဖွင့်၌ ကာမုပါဒါန်၏ အရကို တေဘူမက တရားဟူသမျှကို သမ္မောအဋ္ဌကထာ လာ၏။ သေခါနီးသော သတ္တဝါသည် ငရဲမီးလျှံပင် ထင်တတ်၏ဟု ပဋိသန္ဓိဒါမဂ်အဋ္ဌကထာလာသည်။ မာရိသ၊ ဆင်းရဲကင်းသော အချင်းနတ်တို့ဟု သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ ငရဲသား တို့ကို ခေါ်သောအခါ၌ ဖွင့်၏။ ကမ္မာဉီး၌ ငရဲဘုံ ငရဲမီးတို့သည် မထကုန်သော ကြောင့် ဤကဲ့သို့ မာရိသဟုခေါ်သည်။ နောက်ကာလသတ္တဝါတို့၌ ကိလေသာ ထူပြောသည်ရှိသော် ငရဲမီးလျှံတို့သည် ထကုန်၏။ ၎င်းနည်းအတူ အာဒိ-ကပွကျမ်း၌ဖွင့်၏။ (၂၀) ပယ်ရာ၌ ဋီကာကျော်စကားသည် နာမရူပ ပရိစ္ဆေဒနှင့် ညီသောကြောင့် အရှင်အနုရုဒ္ဓါ၏ အာဘော် နှလုံးသွင်းကျ၏။ ထို့ကြောင့် အသင့်ပင်မှတ်။

(၁၉) လယ်တီဋီကာဆရာ အယုတ် အမြတ် အစဉ်အားဖြင့် ဆိုသည် ရှိသော် နာမရူပ ပရိစ္ဆေဒဉ် အဟိတ်စိတ်ကစ၍ ဆိုသောကြောင့် လက်သန်း အဋ္ဌကထာ၏ နှလုံးသွင်းအာဘော်မကျ အယုတ် အမြတ် အစဉ်မကျရှိခဲ့၏။ ပရမတ္ထဝိနိစ္ဆယျဉ် ကုသိုလ်စိတ်ကစ၍ ဓမ္မသင်္ဂဏီပါဠိတော်လာသည့်အတိုင်း ပြ၏။ နာနာနယနိပုဏ ဂမ္ဘီရံ ဟူသည်နှင့်အညီ ကျမ်းဆရာတို့သည် အထူးထူး အထွေထွေ ပြကုန်၏ မှန်ကန်သည်သာ ပဓာန ဖြစ်သည်။

(၂၀) ပယ်ရာဉ် လောဘသဟဂတ စိတ္တုပ္ပါဒန မေဝ ဟူသော ဝိဘာဝနီဉ် ဧဝသဒ္ဒါဖြင့် နိဝတ္တေတဗ္ဗ ဂဟေတဗ္ဗ အနုညာတအနက်သုံးပါးကို ယူရမည်။ ထိုသုံးပါးတို့တွင် ဒေါသမူဒ္ဓေ၊ မောဟမူဒ္ဓေတို့ကား နိဝတ္တေတဗ္ဗ လောဘသဟ-ဂုတ်ကား ဂဟေတဗ္ဗ မနောဒွါရာ ဝင်္ဂန်းကား အနုညာတ ဖြစ်သည်၊ ဝိဘာဝနီ ဆရာသည် မနောဒွါရာ ဝင်္ဂန်း၏ ဝိထိစိတ်တွင် ရှေးဦးစွာဖြစ်သည်၏ အဖြစ်ကို အနုညာတ အဖြစ်ဖြင့် ပြသည် ထိုသို့ပြသော်လည်း အကုသိုလ်စိတ်တွင် လောဘ မူစိတ်သည် ရှေးဦးစွာ ဖြစ်သောကြောင့် အသင့်ပင်။

(၂၁) သုန္ဒရံ မနော သုမနောဟူသော ဝစနတ္ထဉ် အကုသိုလ်ဖြစ်ငြားသော်လည်း ပီတိသောမနဿ သမ္ပယောဂဟု အဋ္ဌသာလိနီ ဆိုသည်နှင့်အညီ ပီတိသောမနဿနှင့်ယှဉ်ခြင်းကြောင့် သုမနဟုဆိုသည်မှတ် သဒ္ဒပဝတ္တနိမိတ် အရဖြစ်သော ဘာဝသဒ္ဒါကို ဆရာတို့သည် များသောအားဖြင့် ကာရဏသာဓ် ပြကြကုန်၏။ အပွဂအားဖြင့် အပါဒါနပြုသော အရာဌာနလည်းရှိသည်သည်မှတပါး မပြု လယ်တီဋီကာကား အဓိကရဏသာဓ် ပြုရာပေ၏။

(၂၂) ပယ်ရာဉ် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဉ် သခ်ါရ၏ အရကို စိတ်ကိုယူသည်နှင့်ညီသောကြောင့် ဋီကာဟောင်း ဋီကာကျော်တို့ဆိုသော စကားသည် အသင့်ပင်တည်း ၎င်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာလည်း သဟသခ်ါရေနှင့် ဓမ္မသင်္ဂဏီ ပါဠိတော်ဉ် အကြောင်းအပေါင်းကို သခ်ါရ အရယူသောအခါ ကရိဏ်းအနက်ဉ် တတိယာဝိဘတ် ၎င်းသခ်ါရေနဟူသော ပါဠိတော်ဉ်

သခ်ါရအရကို ယူသောအခါ ပစ္စတ္ထဥ် တတိယာဝိဘတ်သက်ခြင်းငှါ သင့်သော ကြောင့် မိတေယျအလောင်းတော် ဗုဒ္ဓဃောသဖွင့်တော်မူသည် လယ်တီဋီကာ ယူတိုင်းယူက ၎င်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ အဘိဓမ္မာ ဝတာရ အဋ္ဌကထာ နာမရူပ ပရိစ္ဆေဒ သစ္စသံခိပ် ပရမတ္ထဝိနိစ္ဆယျ လက်သန်းအဋ္ဌကထာ ကျမ်းတို့ကို အကုန် မီးရှို့ပြစ်စကောင်းတော့သည်။ ဝါ၊ ဖြစ်တော့မည်။

ဒုတိယ(၂၂) ပယ်ရာဌ် ဋီကာကျော်ဆရာသည် ၎င်းသသခ်ါရိက စိတ်သည် အသခ်ါရိက ဟုဆိုအပ်သော ပုဗ္ဗပယောဂ ကင်းလျှင်ဖြစ်တော့မည် မဟုတ် ထို့ကြောင့် အသခ်ါရေတိ (လ) သဇ္ဇိယတိတိ သသခ်ါရောဟူသော စကားကို ဆိုသည် ထို့ကြောင့် လယ်တီဋီကာဆိုတိုင်းသော အပြစ်မရောက် ၎င်းသသခ်ါရောတိ ဟူသော စကားကို ပုဗ္ဗယောဂါဟု ကတ္တားထည့်၍ အနက်ပေးယောဇနာ၏။

(၂၃) ပယ်ရာဌ် ဋီကာကျော်ပယ်သောစကားသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ညီသောကြောင့် အသင့်ဖြစ်သည်။ ဘာဝေါ ဒုဝိဓေန အတ္ထိကာမဘာဝေါ-ဉပပတ္တိဘာဝေါ ဟူသော ပါဠိတော်ကို သမ္မော အဋ္ဌကထာဌ် ပစ္စတ္ထဥ် ကရိဏ်း ဝိဘတ် တနည်းဖွင့်သကဲ့သို့ သခ်ါရေနဟူသော ပါဠိတော်ဌ်လည်း ပစ္စတ္ထဥ် ပထမာဝိဘတ်ကြီသင့်သေး၏၊ သခ်ါရိကဟူသော ပါဠ်ဌ် နာမရူပ ပရိစ္ဆေဒ ပရမတ္ထဝိနိစ္ဆယျ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဌ် ကွကပစ္စည်းမပါသောကြောင့် သသခ်ါရိကဟူသော ပုဒ်ကို ဋီကာကျော် သွတ္ထကြီ၏။

(၂၄) အပြစ်မရှိသောကြောင့် အသင့်ပင်ဖြစ်သည်။ ဥဒါသိတ ဘာဝေန ပေက္ခတိ အနုဘာဝ ကာရကေန အာရမ္မဏံ ပဿတီတိ ဥပေက္ခာဟူ၍ ပြခြင်းသည် ဝေဒနုပေက္ခာအရာဖြစ်သောကြောင့် ပဿတိဟု ဖွင့်၍ မပြုထိုက် ဋီကာကျော်ဆရာပြုတိုင်းသာသင့်၏ ဥပပတ္တိတော ယုတ္တိတော ကွကွတိ နသမ္ဘဝတိ နဟိ အကုသလံ ယုတ္တာနုရူပံ နာမ ဟူသော အနုဋီကာ စကားသည် ဗုဒ္ဓမတ္တညုအဋ္ဌကထာဆရာတို့ မပြုသော အရာဌာနအားလျှော်စွာ ဆိုသော

စကားဖြစ်သောကြောင့် အသင့်ပင်ဖြစ်သည်။ ထို့ကြောင့် အဌကထာ ဆရာလည်း ဤဝစနတ္ထကို ဈာန်အရာ၌ဖွင့်သည်။

(၂၅) ဋီကာကျော်စကားသည် ဖဿစသော တရားတို့သည် လောဘမူ စိတ်ကို မဆိုထားဘိဦး အခြားသောစိတ်တို့နှင့်လည်း ဆက်ဆံကုန်သေး၏။ သောမနဿစသော တရားတို့ကား အခြားသောစိတ်တို့ကို မဆိုလင့်ဦး လောဘမူစိတ်မျှသော်လည်း မဆက်ဆံဟု လက်ဝါးကြီးအုပ်စကားကို ဆိုသည် ဋီကာကျော် ဆရာ သောမနဿဖြစ်ခြင်းအကြောင်းကို ပြရာ၌ ဣဌာရုံမှတပါး သောမနဿ ပဋိသန္ဓိကတာ အဂမ္ဘီရဿ သဘာဝတောဟူသော အကြောင်း နှစ်ပါးသည် ဋီကာကျော်ဆရာ၏ လက်ထက်ပွား အကြောင်းဖြစ်သည်။ ၎င်းအကြောင်းနှစ်ပါးကို အနေကန္တိကဟူ၍မှတ် ဣဌာရုံတခုကိုသာ ကုသိုလ် အကုသိုလ်တရားတို့၌သာ မဟာဋီကာလာသောကြောင့် ဣဌာရုံတခုသာ ဧကန္တိက အကြောင်းဖြစ်သည်။ လယ်တီဆရာလက်ထက်၌ကား ဗျသန အကြောင်းတပါးတိုးပြန်သည်။ သောမနဿကုသိုလ် ဥပေက္ခာကုသိုလ် နှစ်ပါး တို့တွင် မဏိမဥ္ဇူ အဘိဓမ္မာဝတာရဋီကာတို့၌ ဥပေက္ခာအကျိုးကြီးကြောင်းကို ဆို၏ ၎င်းအဘိဓမ္မာဝတာရ ဋီကာပြုဆရာသည် သူ၏ဒါယကာ ပရက္ကမဗာဟု မင်းသည် ဝိသုဒ္ဓိမဂ် စူဋ္ဌဋီကာကို ရေးသောအခါ ဥပေက္ခာအကျိုးကြီး ကြောင်းကို ရေးသောကြောင့် တကာမင်း၏အလိုသို့လိုက်၍ ဥပေက္ခာအကျိုး ကြီးကြောင်းကို ရေးသော အရာဌာနဖြစ်သည်။ စလင်းဆရာတော် ဦးကေတု သက်တော်ရှည်တို့ကား သောမနဿ အကျိုးကြီးကြောင်းကို ဆိုကြကုန်၏။ အထောက်အထားကား သဗ္ဗေ သဗ္ဗညု ဗောဓိသတ္တာ (လ) ဂဏ္ဌန္တိဝုတ္တံ အဌသာ လိနီ နံပါတ် (၂၇၅) မူလဋီကာ အနုဋီကာတို့ကို ထောက်၍ လည်း သင့်သည်။ ထိုမှတပါး ဆက္က အဂ်ုတ္ထိုရ်ပါဋိတော်၌ ဆဋ္ဌဂ်သမ္ပန္နဂတ အလှူကို အကျိုး ကြီး၏ဟု ဟောတော်မူသဖြင့်လည်း သိအပ်၏ ဈာန်အရာဖြစ်သော မဟဂ္ဂုတ် လောကုတ္တရာမှတပါး ကာမာဝစရအရာ၌ ကုသိုလ် အကုသိုလ် နှစ်ပါးလုံးပင် သောမနဿ အကျိုးကြီး၏ဟု သက်တော်ရှည် ဆရာတို့မိန့်တော်မူသည်

လယ်တီဋီကာ၌ကား ကွတရထာ ပုရိမစိတ္တာသ လောဘသဟဂတာဘာဝေါဝိယ (လ) နိရတ္ထကံ သိယာဟူသော စ–ကားသည် နိဂုမ်းမပါသော ဓမ္မသင်္ကိပါဠိတော် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ ပဋိဃသမ္မယုတ္တသဒ္ဒါကို အဘယ်ကြောင့်ဆိုသနည်း မေးလျှင် ပြောစရာမရှိသောကြောင့် အလျှင်းမသင့်သော စကားပင် ဖြစ်ပါသည်။

(၂၆) ဒေါမနဿသဒ္ဒါ ပဋိဃသဒ္ဒါတို့ကို ယူခြင်းအကြောင်းကို လယ်တီဆရာဆိုခြင်းသည် မဟာဋီကာ ဝိဘာဝနီဋီကာတို့၏ စကားကို ပယ်ခြင်းငြားသော်လည်း ဥပလက္ခဏာသဒ္ဒါကိုတွေ့က လှေနံ ဒါးထစ် ဥပလက္ခဏနည်းချည်းဆိုသည်ဟု ထင်မှတ်သောကြောင့် လယ်တီဋီကာဆရာစကားသည် ၎င်းဋီကာတို့မှ လွတ်သောကြောင့် ထိုဋီကာတို့၏စကားအသင့်ပင်တည်း။

(၂၇) ဥပလက္ခဏတ္ထံဟူသော စကားကို မဟာဋီကာ ဝိဘာဝနီ ဋီကာတို့၌ ဥပလက္ခဏာနည်းကို ရည်၍ဆိုသောစကား မဟုတ်သောကြောင့် မပယ်သင့် လယ်တီဋီကာဆရာကား ဥပလက္ခဏသဒ္ဒါတွေ့က လှေနံဒါးထစ် ဥပလက္ခဏနည်းချည်းဆိုသည်ဟု ထင်မှတ်လေသောကြောင့် ဆိုရှာလေ၏ မဟုတ်။

(၂၈) ပယ်ခြင်းသည်လည်း မသင့် ပယ်ခြင်း၏အကြောင်းကို ဆိုသော် ကွမဿစ္ဆဋ္ဌနိဂမေ နေဝ တဒတ္ထသိဒ္ဓါစကားလည်း ဆိုအပ်ပြီးသော ဓမ္မသင်္ကိပါဠိတော် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့နှင့် ဆန့်ကျင်သောကြောင့် မသင့် ဋီကာကျော်ဆရာ၏ ပဋိဃသမ္မယုတ္တဘာဝေါ ပန(လ) ဒဋ္ဌဗ္ဗံ စကားသည် အပေါ့ရှုသာရ ဆိုတိုင်း အနုသယ ယမိုက် အဋ္ဌကထာနှင့် မညီသောကြောင့် မသင့် အနုသယ ယမိုက် အဋ္ဌကထာ လျှောက်လေပြီးသော လောကီစျာန်ကို အာရုံပြု၍ ဖြစ်သောအခါ ကွဋ္ဌဖြစ်သော သားသမီး ရွှေငွေဥစ္စာပျက်စီးသောအခါ အာရုံကို တောင့်တ၍ မရသောကြောင့် နှလုံးမသာမယာ သောအခါ ၎င်းတို့၌ ဒေါမနဿသည် ပဋိဃနှင့် ကင်း၍ဖြစ်သည်ဟုဆို၏ ထို့ကြောင့် ဒေါမနဿနှင့် ပဋိဃသည် အတူတကွဖြစ်၏ဟု မဆိုထိုက်။

(၂၉) ဋီကာကျော်ဆရာသည် ရဇ္ဇနဒုဿန ရဟိတာနိဟူသော စကားကို မဟာဋီကာမှ ပိုလွန်သောကြောင့် လယ်တီဋီကာဆရာ အပြစ်ကောက်ဆိုခွင့် ရ၏။ ဋီကာကျော်ဆရာကား ရဇ္ဇနရဟိတဖြင့် သောမနဿမဖြစ်နိုင်ခြင်း အကြောင်း ဒုဿနရဟိတဖြင့် ဒေါမနဿ မဖြစ်နိုင်ခြင်း၏ အကြောင်း ၎င်းအကြောင်းတို့ကို ပြလို၍ ဆိုဟန်ရှိ၏ သို့သော်လည်း ရဇ္ဇနရဟိတ အဖြစ် မလွတ် အဋ္ဌသာလိနီ အဋ္ဌကထာ၌ မေထုန်မှိုဝဲသောအခါ တပ်သည့်အခါဖြစ်၍ သောမနဿ ဖြစ်နိုင်၏ဟုဆို၏ မဟာအဋ္ဌကထာ၌ မေထုတ်မှိုဝဲသောအခါ သောမနဿ ဥပေက္ခာနှစ်ပါးဖြစ်နိုင်၏ ဟုဆို၏ မောဟမူဒွေး၌ အဖေဂ္ဂုသာရ ဆရာသည် ဝိထိပိုင်း၌ ဝိဘူတာဝိဘူတဘေဒေါ နတ္ထိဟူသော စကားကို ဝိဘူတ အဝိဘူတနှစ်ပါး မယူမူ၍ ဝိဘူတ တပါးကိုသာ ယူသကဲ့သို့ ထို့အတူ သခ်ါရဘေ-ဒေါပိ နေသံ နတ္ထိ ဟူသော မဟာဋီကာစကား၌ အသခ်ါရ သသခ်ါရ နှစ်ပါး မယူမူ၍ တပါးကိုသာ ယူရမည်ဟုဆို၏။

(၃၀) နံပါတ်၌ အဖေဂ္ဂုသာရဆိုတိုင်း ယူလျှင် အသင့်ပင် ရှေး ၎င်း သက်တော်ရှည်ဆရာတော်သည် အဋ္ဌသာလိနီ စိတ္တုပ္ပါဒ ကဏ္ဍ အကုသလဓမ္မ-ပဒဘာဇနီ (၂၇၀)နံပါတ်၌ ဣဒါနိ ဣမသ္မိံ စိတ္တဒွယေ ပကိဏ္ဏက ဝိနိစ္ဆယော ဟူသော စကား၌ ဤမောဟမူစိတ်တို့၏ အာရုံ၌ မလိမ္မာသော အဖြစ်ကို ပြခြင်း ကြောင့် မန္ဒဖြစ်သည် မန္ဒဖြစ်က သသခ်ါရိက ဖြစ်သင့်သည်ဟုဆို၏။

(၃၁) ဓမ္မသင်္ဂဏီစသည်၌ ဟောတော်မူသော အပြားအားဖြင့်ဟု လယ်တီ-ဋီကာပြခြားသော်လည်း ဓမ္မသင်္ဂဏီစသည်တို့၌ သရုပ်တရားကိုယ်အားဖြင့် ထုတ်၍ ဟောသောတရားသာ သဗ္ဗထာအရာ၌ ပါဝင်သည် ပရိယာယ်အားဖြင့် သရဏာဓမ္မာ သံကိဏ္ဏာစသည်ဖြင့် ဟောတော်မူသောတရားပါ ထို့ကြောင့် ဋီကာကျော်ဆရာဆိုတိုင်းသာ သင့်၏။

(၃၂) လယ်တီဋီကာဆိုတိုင်း ကုသိုလ်၏ အခြားမဲ့၌ ကုသလဝိပါက်ကို ပြသင့်ပါ၏ ပြသင့်သော်လည်း အဟိတ်အဖြစ်ဖြင့် တူသောကြောင့်

အကုသလဝိပါက်၏ အခြားမဲ့၌ ကုသလဝိပါက်ကို ပြ၏ဟု ဋီကာကျော်ဆရာက ဆိုစရာရှိပေ၏ နာမရူပ ပရိစ္ဆေဒ၌ အဟိတ်အကုသလ ဝိပါက် ၎င်းနောက် ကုသလဝိပါက် ၎င်းနောက် ကြိယာ ၎င်းနောက် အကုသိုလ် ၎င်းနောက် ကာမာ ဝစရ စသည်ကိုပြ၏။ ပရမတ္ထဝိနိစ္ဆယျ၌ အဟိတ်ကုသလ ဝိပါက် အဟိတ်အကုသလဝိပါက် နှစ်ပါးတို့ကို ရောၔယူ၏ ကျမ်းဆရာတို့သည် နာနာနယနိပုဏ ဂမ္ဘီရဖြစ်သောကြောင့် အထူးထူး အထွေထွေပြကုန်၏၊ အကုသလဝိပါက်နှစ်ပါးအပြားရှိသင့်သည်ကို ပြရာ ဣဋ္ဌာဣဋ္ဌာရမ္မဏဝသေန (လ) တံသဟဂတာနဝုတ္တာဟူသော ဋီကာကျော်စကားသည် အဖဂ္ဂုသာရ၌ ဆိုသော အနုသယ ယမိုက်နှင့် မညီသောကြောင့် မသင့် ၎င်းနည်းတူ လယ်တီဋီကာ သခေ်ပဋီကာတို့လည်း မသင့်၊ ဋီကာဟောင်းစကားသင့်၏ မူလဋီကာနှင့် ညီ၏ လယ်တီဋီကာ၌ကား သမ္ပဋိစ္ဆန စိတ်တဲ့ ပန စသည်ဖြင့် သမ္ပဋိစ္ဆိုင်းစိတ်၏ ဥပေက္ခာဖြစ်ခြင်း ဥပေက္ခာဖြစ်ခြင်းအကြောင်းကို ပြရာ၌ ဒွေပဉ္စဝိညာဏ်တို့သည် ဘယ်ကြောင့်အားနည်းသနည်းဟု မေးလျှင် ပြောစရာမရှိ သမ္ပဋိစ္ဆန ယုဂဉ္ဇ စသည်ဖြင့် ဆိုအပ်သော ဋီကာကျော်စကားသည် အကြောင်းနှင့် ပြည့်စုံသော စကားဖြစ်၍ သုဝစနဖြစ်သည် မူလဋီကာ မဟာဋီကာနှင့်ညီ၏။

(၃၃) ဋီကာကျော်စကားသည် မဟာဋီကာနှင့် ညီ၏အသင့်ပင်။

ရှေး (၃၄) ဋီကာကျော်စကား အာဝဇ္ဇန်းကို အနန္တရပစ္စည်းမှ တပါးသော ဘွင်ကို မနောဒွါရ မမည်ဟု မဆိုလို ဌာနအားဖြင့် လျှော်စွာပြလိုသောကြောင့် ဤအာဝဇ္ဇန်း သာ(လ) ပဝတ္တိမုခ ဘာဝတောဟူသော စကားကို ဆို၏ အဌသာလိနီ၌ စိတ်တခုကို မနောဒွါရမည်ကြောင်းကို ဆိုသောကြောင့် နေလအသွင် ထင်ရှား၍ အလွန်တရာသိသာ၏။

(၃၅) ၌ ဗျာပါရန္တရ သာပေက္ခအရကို နှလုံးသွင်းခြင်းတည်းဟူသော ကိစ္စတပါးကို ငဲ့ခြင်းကို ယူရမည် ထိုသို့ယူက အသင့်ပင်ဖြစ်သည်။ မူလဋီကာနှင့်လည်း ညီ၏ လယ်တီဋီကာကား ဗျာပါရန္တရ သာပေက္ခကို သဘောမကျ။

(၃၆) ဋီကာ အသင့်ပင်ဖြစ်သည် ဋီကာကျော်ကား သဗ္ဗထာ ဟူသော ပုဒ်ကို သမတ္ထာနိဒ္ဒ စပ်အပ်၏ လယ်တီဋီကာကား အဒ္ဒဒ္ဒ ဘိန္နာဓိကရဏ ဝိသေသန စပ်အပ်၏ အပြစ်ရှာလို၍သာ ရှာ၏။

(၃၇) ဒ္ဒ လယ်တီဋီကာ သင့်မြတ်၏။

ရှေး (၃၇)ဖြင့် ပယ်ရာဝယ် နံပါတ်(၅၂) နောက်ရောက်သောအခါ မသင့်သော ပယ်ခြင်းဟု နောက်ထပ်တဖန်ထုပ်၍ ပြောပြန်၏ အဒ္ဒသာလိနီ နံပါတ် (၁၀)၌ ဘဝင်္ဂစလန ပစ္စယော ဟောတီတိ အတ္ထောဟူသော စကားကို မူလဋီကာ အဖွင့်မယူ ဋီကာတို့နှင့် ညှိနှိုင်းစရာလို၏ (၁၀၅)နံပါတ် အဒ္ဒသာလိနီလာသော အနဝဇ္ဇာနိ သိပ္ပါရတနာ ကမ္မရတနာ ဝိဇ္ဇာဒ္ဒါနာနိ သိက္ခာပေသိ ဟူသော စကား၌ အနဝဇ္ဇနသိပ္ပအရာကို ဆင်စီး မြင်းစီး အတတ် လယ်လုပ် ကုန်သွယ်ခြင်း အစရှိသော ဗေဒင်္လေးပုံတို့ကိုယူရမည် မူလဋီကာအဖွင့်နှင့်ညီ၏။

(၃၈) ပယ်ရာ၌ လယ်တီဆရာသည် ဋီကာကျော်စကားကို ဟုတ်မှန်စွာ မယူနိုင် ၎င်းအဒ္ဒသာလိနီ၌ လယ်တီဆရာယူသော အဓိပ္ပါယ်သည် ၎င်း အဒ္ဒကထာအဖွင့် မူလဋီကာနှင့်လည်း မညီ သို့ဖြစ်၍ ယထာပနေတာနိပုဉ္ဇ ကြိယာ ဝသေန ကမ္မဒ္ဒါရစသော စကား၌ ကမ္မဒ္ဒါရဝသေန စကားဖြင့် ထိုမဟာဝိပါက်စိတ်တို့၏ ကာယကမ္မဒ္ဒါရအားဖြင့် မဖြစ်ခြင်းတို့ကို ပြ၏ ကမ္မဝသေန ဟူသော စကားဖြင့် ထိုမဟာဝိပါက်စိတ်တို့၏ မနောဒ္ဒါရအားဖြင့် မဖြစ်ခြင်းကိုပြ၏ ၎င်းစကားနှစ်ရပ်ဖြင့် ထိုမဟာဝိပါက်စိတ်တို့၏ ကမ္မတိက အစွမ်းဖြင့် မဖြစ်ခြင်းကိုပြ၏ ထို့ကြောင့် ဋီကာကျော်စကားသင့်၏။

(၃၉) ပယ်ရာ၌ ဋီကာကျော်ဆရာသည် မဟာကြိယာစိတ်မဟာကုသိုလ်စိတ်နှင့် အလုံးစုံတူရမည်ဟု မဆိုလိုယထာရဟံ သဒ္ဒါဖြင့် ထိုက်သည်အားလျော်စွာတူသည်ကို ယူရမည်ဖြစ်သောကြောင့် ဋီကာကျော်စကားသည်သင့်၏။

(၄၀) ပယ်ရာ၌ ဋီကာကျော်ဆိုတိုင်း ယထာလာဘယောဇနာ နည်းသင့်၏။

၎င်းသက္ခလိကထာလိကမှိစသော မူလပဏ္ဏာသ ပါဋိတော်အဖွင့်ဖြစ်သော မူလပဏ္ဏာသအဋ္ဌကထာနှင့်ညီ၏။

(၄၁) ၎င်းဋီကာကျော်ဆရာသည် မဟာဋီကာနှင့် အညီဆိုသောကြောင့် ဋီကာကျော်ဆိုတိုင်းမှတ် ဝေဒနာညာဏ သခ်ါဘေဒေန ဟူသော စကား၌ ဧတ္ထ စသည်ဖြင့် လယ်တီဋီကာဖွင့်ခြင်းသည် သဒ္ဒါရေးအားဖြင့် အလွန်ကောင်း၏။

(၄၂) ပယ်ရာ၌ ၎င်းသင်္ဂဟအဋ္ဌကထာသည် အဘိဓမ္မာ ၇ ကျမ်းကို အကျဉ်းချုံး၍ ပြသော ကျမ်းဖြစ်သောကြောင့် လယ်တီဋီကာစကားသည် တတ္ထဝုတ္တာ-ဘိဓမ္မတ္ထာဟူသော သင်္ဂဟဂါထာဖြင့်ပြီး၏ ထို့ကြောင့် ဋီကာကျော် ဋီကာ ဟောင်းတို့ စိတ်အားလျှော်စွာ ဖွင့်ပြခြင်းသည် သင့်၏။

(၄၃) တဿ တဿ စျာနဿ ဥပစာရန္တာ နီဝရဏ ဝိတက္ကဝိစာရ နိကန္တာ-ယာဒီနံ ဝူပသမာတိဘူတော ကာမာဝစရသဟဒိ မူလဋီကာ။

(၄၄) တို့၌ ၎င်းလယ်တီဋီကာသည် ပဋိသမ္ဘိဒါ အဘိညာဏ်ကိုပင် စျာန်ဟု ယူ၏။ ပဋိသမ္ဘိဒါ ဟူသည်ကား ကာမာဝစရညာဏ်တည်း။ ထို့ကြောင့် လယ်တီ-ဋီကာစကားအမှား ရူပါဝစရဝယ် အသခ်ါရိက သသခ်ါရိက ရွေးချယ်ရာ၌ လယ်တီဋီကာ ဋီကာကျော်နှစ်ပါးလုံးပင် အမှားဖြစ်သည်။ မဟာဋီကာကား ရူပါဝစရ စိတ်ကို ကာမာဝစရစိတ်ကဲ့သို့ ဝေဒနာညာဏ် သခ်ါရအပြားအားဖြင့် မဆိုအပ် စျာန်အင်္ဂါအပြားအားဖြင့်သာ ဆိုအပ်၏ ထိုမဟာဋီကာ ဆိုတိုင်းမှတ် အဓိကာရေနစ ကေဝလံ စသောဝါကျ၌ အနုပ္ပဇ္ဇနတော၌ အကို အပွက အနက် ဟောကြံ၍ အနုပ္ပဇ္ဇနတော၊ အနည်းငယ်ဖြစ်သောကြောင့်ဟု အနက်ပေးလျှင် အဋ္ဌသာလိနီနှင့် မဆန့်ကျင်ခြင်း ပဋိသမ္ဘိဒါ အဘိညာဏ်တို့၏ စျာန်တို့၏ အမည်မဟုတ်ကြောင်းကို အဋ္ဌသာလိနီ ရူပကုသလ ပဒဘာဇနီ (၂၀၃)၌ ဣဒါနိယသ္မာတိ စျာနံ နာမ စသော ပဋိပဒါအပြားဖွင့်ကုန်အောင် စကားဖြင့် သိအပ်၏။

(၄၅) သခ်ေပ ဋီကာကို ပယ်၏။

(၄၆) (၄၇) စျာန် စျာန်အင်္ဂါတို့လည်း အပေါင်းအစိတ်မျှသာ ထူးသည် စျာနဘေဒေန စျာနင်္ဘေဒေန ဟု ဆိုခြင်းသည် အတူတူပင်ဖြစ်၏။ ဤနံပါတ်တို့ဖြင့် ပယ်ရာ ဋီကာကျော်စကားသည် ပရမတ္ထဝိနိစ္ဆယ ဝိသုဒ္ဓိမဂ် မဟာဋီကာတို့နှင့် ညီသောကြောင့် ကဲ့ ဟုတ်၏။

(၄၈) ဌ် အာပတ္တိ ဒုက္ကဋဿဟူသောပုဒ်၌ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ ရောက်၏။ ဤသို့သော ပါဋိတော်စကား အာပတ္တိ ဒိန္နံ ဒုက္ကဋာနံတို့နှင့်ညီသည် ဤသို့ ညီသော်လည်း အဋ္ဌကထာ ဆရာသည် သဒ္ဒယုတ္တိ အတ္ထယုတ္တိ နှစ်ပါး ရှိသော ပါဋိတော်နှင့် မညီသော ဒုက္ကဋဿပုဒ်ကို ဒုက္ကဋာ အဿ ဟု ပုဒ်ဖြတ်၍ ဖွင့်သကဲ့သို့ မဟာဋီကာ ဋီကာကျော်ဆရာတို့လည်း သဒ္ဒယုတ္တိ အတ္ထယုတ္တိ နှစ်ပါး ရှိသော တနည်းဖွင့်သော အရာဌာနဖြစ်၍ အသင့်ပင်ဖြစ်သည်၊ ဒုက္ကဋာ သော အာပတ္တိ၊ သည်။ အဿ၊ ၏။ ပါဋိတော်၌ စီးဖြန်းပုံဟောသော အရာဖြစ်၍ ပါဋိတော်နှင့် မညီဟု မဆိုသင့်။

(၄၉) သောတာပတ္တိသဒ္ဒါ ပုဂ္ဂိုလ်၌ ဖြစ်သည်ကို လယ်တီဋီကာဆရာ မမြင်ငြားသော်လည်း သောတာပတ္တိသဒ္ဒါ ပုဂ္ဂိုလ်အရ မဟာဋီကာဟောင်းတို့၌ ဖြစ်၏ ဋီကာကျော်ဆရာလည်း ထိုဋီကာတို့နှင့် အညီဖြစ်သောကြောင့် အသင့်ပင်။ ထို့ကြောင့်. . . .

(၅၀) နံပါတ်ဖြင့် ပယ်ခြင်းသည်လည်း အချီးနှီးပင်တည်း သောတအရကို မဂ္ဂင်ရှစ်ပါးအရ ပါဋိ အဋ္ဌကထာဖွင့်၏ ဗောဓိပက္ခိယ တရားအရ ဖွင့်သည် မရှိ လယ်တီဋီကာ၌ ဝုတ္တာညေတံ စတုကနိပါတေ စသည်ဖြင့် ကိုးကားသော စတုက အင်္ဂုတ္တိရ် ပါဋိတော်၌ အာဂါမိကအရကို ပုထုဇ္ဇဉ်ဖြဟ္မာတို့သာယူ အနာဂါမိက အရကို အရိယာဖြဟ္မာဟူသရွေ့ ယူ ထိုသို့ယူမှ ၎င်းအဋ္ဌကထာတို့နှင့်ညီမည် လယ်တီဋီကာပုထုဇ္ဇဉ် သောတာပန်သကဒါဂါမ် ဖြဟ္မာတို့ကို ယူ၏ မသင့် ထိုသို့ ယူသည်အားလျှော်စွာ ဣတ္ထံဟူသော ပါဋိကို ဣမံ ကာမာဝစရလောကံ ဟု

အနက်ယူရာ၌ ဗြဟ္မလောကာ ဟု အပါဒါန်ခံခြင်းသည်လည်း အလွဲပင်ဖြစ်သည်။ အကယ်၍ အပါဒါန်ခံလိုလျှင် အညတ္ထတော ဟူ၍သာ ခံရမည် မဇ္ဈိမပဏ္ဏာသသုတ်၏ အဓိပ္ပါယ်ကိုလည်း လယ်တီဋီကာ အယူလွဲရှာ၏ ယသ္မာစသဗ္ဗညုဗုဒ္ဓါပိ ယာဝဉပရိမဂ္ဂိနာ ဂစ္ဆတိ စသော စကား၌ သတ္တက္ခတ္တုပရမသောတာပန်သည် ဤလူဘုံ၌ သောတာပန်ဖြစ်၍ ဤလူဘုံသို့ ပဋိသန္ဓေအားဖြင့် ၇ ကြိမ်လာသော သတ္တက္ခတ္တုပရမ သောတာပန်ထိုက်သည် အားလျှော်စွာ ၎င်းနည်းတူ ၆-ကြိမ်လာသော ကောလံကောလ သောတာပန် ဤဘဝ သောတာပန်ဖြစ်၍ ဤဘဝ ပရိနိဗ္ဗာန်ပြုလတံ့သော ဧကဗီဇီ သောတာပန်တို့၏ သုံးပါးရှိ၏ ထိုတွင် ဧကဗီဇီ၌ သာဖွင့်သည်။

(၅၁) ၌ သောတာပတ္တိသဒ္ဒါကို စိတ္တသဒ္ဒါနှင့်သာ စပ်သည် မဟုတ် လဒ္ဓသဒ္ဒါနှင့်စပ်သောကြောင့် လယ်တီဆရာစကား အချီးနှိုးပင်တည်း။ ၆၂-မျက်နှာ ၃၆-ကြောင်း၌ ဝိဘာဝနီယံ စသည်ဖြင့် ပယ်ခြင်းသည် လယ်တီဋီကာ၌ သင့်သည်ဟု ဆိုသောစကားနှင့် ဋီကာကျော်စကား အထူးမရှိခြင်းကြောင့် အချီးနှိုးပင်တည်း။

(၅၀) ပယ်ခြင်းသည် သစ္စဝိဘင်း အဋ္ဌကထာဝယ် ဝဂ်အရာ၌လာသော အဋ္ဌာနဖြစ်သောကြောင့် မသင့်သောပယ်ခြင်းပင်တည်း။

(၅၁-၅၂) နံပါတ်ဖြင့် ပယ်ခြင်းသည် အသင့်ပင်တည်း။ ဋီကာကျော်၌ သောတာပတ္တိမဂ္ဂါဒါဘာဝ (လ) ဧဝံ စျာနနာမေန ဒသဝိဓာ ဝိဘတ္တာ တိုင်အောင်သော စကားဖြင့် နည်းဆယ်ပါးဖွင့်ခြင်းသည် အမှားဖြစ်သည် နည်းဆယ်ပါးအမှန်ကို သစ္စဝိဘင်းကိုကြည့် လယ်တီဋီကာ၌တေနတထာသတိပဋ္ဌာနာဒိကမ္မိ ဒဋ္ဌဗ္ဗံ ပရိတ္တံ ဟောတိတိ ဟူသောစကားသည် မသင့်၊ ၎င်းစကားကို ဋီကာကျော်ဆရာ အဋ္ဌကထာနှင့် အညီဆိုသောကြောင့်တည်း။ ကာမာဝစရကုသိုလ်စိတ်ကို (၃၇) ဖြင့် ဋီကာကျော်ပယ်ခြင်းသည် မသင့် ဋီကာကျော်ဆရာသည် ပါဠိတော်လာတိုင်း မြောက်သော်လည်း ထိုစကားကို ခြားနား

ဦးအံ့ ဓမ္မသင်္ကိပါဋိတော်၌ တေဘုမ္မကကုသိုလ်ကို ဟောရာမှာ အဓိပတိနှင့် မယှဉ်ဘဲ သုဒ္ဓိက တနည်း၊ အဓိပတိ လေးပါးနှင့် ယှဉ်၍ တနည်း၊ ဤသို့နှစ်နည်း မလာ အဓိပတိနှင့်သာ ယှဉ်၍လာသည်။ ထို့ကြောင့် ဋီကာကျော်ဆရာသည် သုဒ္ဓိကနည်းမထားဘဲမြောက်သည် လယ်တီဋီကာလာတိုင်းယူလျှင် အဋ္ဌသာလိနီ လောကုတ္တရာ ကုသိုလ်ကို မြောက်၍ ပြသောစကားနှင့်မညီ အဋ္ဌသာလိနီ၌ လောကုတ္တရာကုသိုလ်ကို သုဒ္ဓိက ထားပြီးလျှင် တဖန် အဓိပတိနှင့် ယှဉ်၍ မြောက်၏။ လယ်တီဆရာကား ကာမာဝစရ ကုသိုလ်ကို ယူသကဲ့ ယူလျှင် ၎င်းလောကုတ္တရာမက်သည် နိရာဓိပတိဖြစ်သောကြောင့် သုဒ္ဓိကနည်း မထားရာ အဋ္ဌကထာဆရာမြောက်၍ထား၏။ မြောက်ခြင်းအကြောင်းမှာလည်း ပါဋိတော်၌ အဓိပတိလေးပါးနှင့် မယှဉ်မူ၍ သုဒ္ဓိကတနည်း၊ အဓိပတိလေးပါးနှင့် ယှဉ်၍တနည်း၊ ဤနှစ်နည်းကို ဟောတော်မူသောကြောင့် ပါဋိတော်လာစဉ် အားဖြင့် အဋ္ဌကထာဆရာမြောက်၍ပြသော အဋ္ဌာနဖြစ်သည်။

(၅၂) ဋီကာကျော်သည် မဟာဋီကာနှင့်ညီသောကြောင့် ဋီကာကျော်အတိုင်း မှတ် လယ်တီဋီကာကဲ့သို့ အဝတ္တာဘုံသာ နိပ္ပရိယာယ ဖြစ်ခဲ့လျှင် ဘုံရောယှက်ခြင်း၏ အပြစ်ရောက်၏။

(၅၃) ၌ ဣတ္ထံ သဒ္ဒါနှင့်ထားရာ၌ ထိုထိုကျမ်းဆရာတို့၏ နိဂုမ်းအုပ်သော အရာဌာန၌ ထားမြဲဖြစ်သောကြောင့်၎င်း၊ ပရမတ္ထဝိနိစ္ဆယ နာမရူပပရိစ္ဆေဒတို့ ဆိုသောစကားနှင့် လျှောက်သောကြောင့်၎င်း၊ အရှင်အနုရုဒ္ဓါဆရာသည် ကျမ်းကိုချဲ့၍ ပြသော အရာဌာန၌ အထဝါ သဒ္ဒါ ထားမြဲဖြစ်သောကြောင့်၎င်း၊ ဋီကာကျော် ဋီကာဟောင်းတို့ဆိုတိုင်းပင်သင့်၏၊ စတုမဂ္ဂပဘေဒန စျာနဘေ-ဒန ပဉ္စမာ ဝိသတာ ပရိယောပန္နံ ကုသလဒ္ဓယမိဿတံ ပရမတ္ထဝိနိစ္ဆယ ၅၄·၅၅·၅၆ တို့ဖြင့် ပယ်သောစကားတို့ကိုဆိုအပ်ပြီးသော ပရမတ္ထဝိနိစ္ဆယဝယ် ကုသလဒ္ဓယမိဿတံ ဟူသော စကားဖြင့် ပယ်ရမည် ၎င်းကုသလဒ္ဓယမိဿတံ ဟူသော စကား၌ စျာန် မဂ်နှစ်ပါးကို ကုသိုလ်နှင့် တပေါင်းတည်း ဂါမော

အာဂတော ကဲ့သို့ ပြားသော်လဲ မပြားသကဲ့သို့ ယူခြင်းကြောင့် ရှေးနံပါတ် စကားကိုဖျက် ၎င်းစကား၌ စျာန်နှင့် မဂ်ကို တလုံးတည်းယူသောကြောင့် ၃၆ နံပါတ် စကားကိုလည်း ဖျက် ၅၄–နံပါတ် ကစ၍ ၆၈– နံပါတ် မျက်နှာ ပုဂ္ဂလဇ္ဈာသယ ဝါဒေါတိုင်အောင် လယ်တီစကားတို့သည် သမ္မောအဌကထာ ပဋိသမ္ဘီဒါမဂ် အဌကထာတို့နှင့်မညီ အဌသာလိနီ ၂၄၄ နံပါတ်၌ လာသော စကားမျှကိုသာ ကြည့်၍ ဆိုသောကြောင့် မသင့် ၎င်းအဌသာလိနီ၌ ပဌမစျာန် မဂ်ကို ပါဒကစျာန် စသည်တို့နှင့် တူပုံသည်ကို မဆိုသည်များလည်း အထက် သမ္မောအဌကထာဆိုလတံ့သောကြောင့် မဆိုသည်။

၅၄, ၅၅, ၅၆ တို့ဖြင့် ပယ်ရာတို့၌ ဋီကာကျော်သည် သမ္မောအဌကထာ ပဋိသမ္ဘီဒါမဂ်အဌကထာတို့နှင့် ဆိုသောကြောင့် အသင့်ပင်ဖြစ်သည်၊ လယ်တီ ဋီကာ ၆၈ နံပါတ် မျက်နှာ၌ ဝိဘာဝနိယံ စသည်ဖြင့် အဌကထာနှင့်မညီဟု ပယ်သောစကားမှာလည်း ဋီကာကျော်၌ သစေသဒ္ဒါ ပါလျှက်သားနှင့် သစေသဒ္ဒါ ဖြုတ်၍ ပယ်သောကြောင့် နေရာမကျ သစေသဒ္ဒါနှင့် ပရိကပ္ပ စကားကို ဋီကာကျော်ဆိုသောကြောင့် အဌကထာနှင့် အညီပင်တည်း။

၅၇, ၅၈ တို့၌ ဋီကာကျော်စကားသည် သမ္မောအဌကထာ ဓမ္မဟဒယ ဝိဘင်းနှင့် အညီဆိုသောကြောင့် အသင့်ပင်တည်း။

(၅၉) ပဋိသမ္ဘီဒါမဂ် ဂဏ္ဌိပုဒ် နှင့်အညီ ဋီကာကျော်ဆိုသောကြောင့် အသင့်ပင်တည်း ၎င်းဂဏ္ဌိပုဒ်လည်း ၎င်းအဌကထာနှင့် မဆန့်ကျင်သောအား ဖြင့် ဖွင့်၏။

လယ်တီဋီကာ ၆၈ မျက်နှာနံပါတ် ကမနဥ္စေတ္ထ ကစ၍ ၇၁ မျက်နှာနံပါတ် တေသံ မဂ္ဂေသု နသဇ္ဇတီတိ နဝတ္တဗ္ဗံတိုင်အောင်သောစကားတို့၌ အလွဲယူ၍ ဆိုသောစကားတို့တည်း ဋီကာကျော်၌ အယမေတ္ထဒိတော ဝုတ္တတော ဝိနိစ္ဆယ– သာရောဟူသော ပါဌ်၌ အဌက္ထာ စသည်မှ။ ဝါ၊ အဌက္ထာ မူလဋီကာ အနုဋီကာ မဟာဋီကာ ပဋိသမ္ဘီဒါမဂ် ဂဏ္ဌိဖွင့်ပေး အဌသာလိနီထေရာဝါဒ ၃ ပါးတို့တွင်

ရှေးဝါဒ တိပိဋက စူဋ္ဌနာဂထေရ် အလယ်ဝါဒ မဟာဓမ္မရက္ခိတ မထေရ် နောက်ဝါဒတိပိဋက စူဋ္ဌာဘယမထေရ် ၎င်းမထေရ် ၃–ပါးတို့သည် ပေထက် အက္ခရာတင်သော ရဟန္တာတို့ပေတည်း။

၅၉ ဋီကာဆရာသည် သခ်ါရယမိုက်၌ စျာနသဒ္ဒါဖြင့် မြတ်စွာဘုရားသည် စျာန်မည်သောစိတ်ကို ဟောသကဲ့သို့ စျာနသဒ္ဒါဖြင့် စျာနင်ကိုဆိုသောစကား ဖြစ်၍ အသင့်ပင်တည်း။

စိတ်ပိုင်း စီစစ်ချက် ပြီး၏။

စေတသိက်ပိုင်း စီစစ်ချက်

(၆၁) သဒ္ဒါ ရှေးနောက် နေသည်ကို ရွေးချယ်ပြရာ၌ ပဓာနမဟုတ် အနက် သင့်ခြင်းသည်သာ ပဓာန ဖြစ်ခြင်းကြောင့် အသင့်ပင်တည်း။ ၆၁ ဋီကာကျော် ဆရာသည် မူလဋီကာတို့နှင့် အညီဆိုသောကြောင့် အသင့်ပင်ဖြစ်သည်။ မူလဋီကာ ဝေဒနာတိတ် အဖွင့်၌ ဧကော သမာနော ဥပ္ပါဒေါ ဧတေသန္တိ ဧကုပ္ပါဒေါ ဆိုသည်နှင့် ဋီကာကျော်၌ သဟ ဧကတော (လ) ရောဓာဟုဆိုအပ် သည်မှာ ဧကသဒ္ဒါတကွ အနက်ဟော၏ အတူပင်ဖြစ်သည်။ ထို့ကြောင့် မူလဋီကာအရှင်သည် သမာနပစ္စယေဟိ သဟုပ္ပတ္တိတောတိအတ္ထော ဟု မိန့်တော် မူပြန်သည်။ လယ်တီဋီကာ၌ ဧကသဒ္ဒါကို တခုဟောကြံ၏ သူကိုးသော မူလဋီကာပါဌ်၌ အဓိပ္ပါယ်ကိုလည်း သူအယူအားလျော်စွာယူ၏ ထိုနည်းအတူ ယူငြားသော်လည်း မူလဋီကာဆရာကား ဇာတိဟုဆိုအပ်သော ဥပါဒ်အများကို ပင် ဇာတ်တူပေါင်း၍ ဧကေကာဝဆိုသည် ရုပ်ကလာပ်တခုကို ဇာတိဟု ဆိုအပ် သော ဥပါဒ်တခုတည်းသာ ဖြစ်သောကြောင့်ဆိုသည်မဟုတ် စင်စစ်မှာမူ အဌကလာပ်ဖြစ်က ဇာတိ ဟုဆိုအပ်သော ဥပါဒ်လည်း ရှစ်ခုပင်တည်း

ထို့ကြောင့် မူလဋီကာအရှင်သည် ရှေးနည်း၌ ဇာတိတခုစီပင်ဖွင့်၏ လယ်တီဋီကာကား ၎င်းမူလဋီကာ ရူပကဏ္ဍ စကားနှစ်ရပ်တွင် နောက်နည်းကိုယူ၍ ပယ်သည်မသင့်။

(၆၂) ၌ လည်း ဋီကာကျော်ဆရာသည် မူလဋီကာ အနုဋီကာတို့ စကားကို ယူ၍ ရေးသည် ထို့ကြောင့် အသင့်ပင် သိလိုလျှင် မူလဋီကာ ဝေဒနာတိတ် အဖွင့်၌ကြည့်လေ။

(၆၃) ၌ ခေဋ္ဌုပ္ပါဒါဒိဝိယ ပါဌ်၌ တံထွေဖြစ်ခြင်း အစရှိသော ဖဿကဲ့သို့ ယောဇနာမူ လယ်တီဋီကာဆိုသောအပြစ်မရောက်။

(၆၄) ၌ ဋီကာကျော်ဆိုသောစကားကို ဝိဘင်္ဂေ၊ ခန္ဓဝိဘင်း၌၎င်း သုတ္တန္တ-ဘာဇနီယေ၊ ခန္ဓာကိုဝေဘန်ရာ ခန္ဓဝဂ္ဂသံယုတ်၌၎င်း ဤကဲ့သို့ အနက် ယောဇနာမူ လယ်တီဋီကာဆရာတင်သော အပြစ်မရောက် သုတ္တန္တေသုဟု ရေးမူကောင်း၏ ဘာဇနီယန္တိ ဇတ္ထာတိ ဘာဇနိယံ သုတ္တန္တမေဝ ဘာဇနိယံ-သုတ္တန္တ ဘာဇနိယံဟု ပြု၊ ၇၈ မျက်နှာ နံပါတ် န သုန္ဒရံ ဟူသော စကား၌ အဂ္ဂသဒ္ဒါကို အာရုံဟောကြံသော်လည်း သင့်၏ အဂ္ဂသဒ္ဒါ အာရုံဟောရှိသည် ကိုလည်း အဂ္ဂသဒ္ဒေါ အာရမ္မဏဝါစကောတိ သဒ္ဓမ္မဋီကာယံ ဝုတ္တောဟု မဂဓ အဘိဓာန်ဋီကာဆိုသောကြောင့် သိလေ။

(၆၇) ကုက္ကုစ္စအရာပယ်သော စကားနှစ်ရပ်၌ ဋီကာကျော်ဆရာသည် သံခိပ်ဋီကာသစ် မဟာဋီကာတို့နှင့် အညီဆုံးဖြတ်အရာဌာန ဖြစ်သောကြောင့် အသင့်ပင်ဖြစ်သည်။ လယ်တီဆရာပါရာဇိကဏ်အဌကထာကို ကိုးကား၍ ပယ်သော်လည်း လယ်တီဋီကာဆိုသောစကား၌ ထိုအဌကထာကို ဖွင့်သော သာရတ္ထဒီပနီဋီကာစကားနှင့် မညီသောကြောင့် ကိုးပါသော်လည်း ကိုးရာ မရောက် ကုက္ကုစ္စအရကောက်ပုံမှာ လယ်တီဋီကာ အရကောက်နှင့် သာရတ္ထဒီပနီအရ ကောက် မတူ ကုက္ကုစ္စ အတိတ်ကိုသာ အာရုံပြု၏။

၂၉၃၄၉

(၆၈) လယ်တီဋီကာ ပယ်ရာ၌ ဋီကာဟောင်း ဋီကာကျော်တို့သည် နတ္ထိပမာဏံ ဇောသန္တီ အပ္ပမာဏာ ဟု ပြု၍– အပ္ပမာဏဟု ပုဒ်ဖြတ်ခြင်းကြောင့် ဗြဟ္မဝိဟာရတရားလေးပါးကို ရပြီးသောကြောင့် ဏျ ပစ္စည်းကို သွတ္ထကြိ၏ ဤကဲ့သို့ကြံခြင်းသည်လည်း အသင့်ပင်ဖြစ်သည်။ အဂ်္ဂုတ္တိုရ် အဋ္ဌကထာနှင့် ညီ၏ လယ်တီဋီကာ၌ အပ္ပမညာအရာဝယ် ဇော်ထာတိ ဇော်ထကေသု(လ) အပ္ပမညာ ဇဝနာမ ဟူသောစကား၌ အဋ္ဌသာလိနီ (၂၁၆) အပ္ပမညာအဖွင့်နှင့် မညီ မူလဋီကာ ၁၂၀ ရူပါဝစရစိတ်အဖွင့်နှင့်လည်း မညီ လယ်တီဋီကာစကားသည် ဒိဋ္ဌပိုင်းခြား၍ ယူအပ်သော သတ္တဝါယူရာရောက်၏။

(၆၉) ဋီကာကျော်စကားသည် အလင်္ကာကျမ်း၌ လာသော အတ္ထန္တရခြားသည့် ဟိသဒ္ဒါနှင့် ယှဉ်မယှဉ်အား ဖြင့် နှစ်ပါးရှိသည်တွင် ဤအရာ၌ အရှင် အနုရုဒ္ဓါဆရာသည် ဟိသဒ္ဒါနှင့် မယှဉ်သော အတ္ထန္တရခြားသည်ကို ပြသည် ထို့ကြောင့် ဋီကာကျော်ဆရာသည် ဤသို့ဖွင့်သည်။

(၇၀) ဋီကာကျော်ဆရာ၏ စကားသည် အဋ္ဌသာလိနီ လောကုတ္တရာ ကုသိုလ် အဖွင့် မူလဋီကာ အနုဋီကာအဖွင့်တို့နှင့်ညီသောကြောင့် သုန္ဒရဖြစ်၏ ထို့ကြောင့် အဋ္ဌသာလိနီ (၂၂၅) အထက်ကြောင်း၌ သော ဒိဋ္ဌဌာနေဟိ ဟု ဖွင့်၏ မူလဋီကာ (၁၁) ရှစ်ကြောင်း သောမနဿ ဒိဋ္ဌသဒိသာပတ္တိစသော အဖွင့် မဓု ၎င်း အဖွင့် အနုဋီကာကိုကြည့်ရှုလေ၊ ဋီကာကျော်ဆရာ လောဘသဟဂတစိတ္တသွေဝါတိ ဇဝကာရော အဓိကာရတ္ထာယပိဟောတိ ဟူ၍ ဖွင့်ခြင်းသည် သဒ္ဒါရေးမမြောက် ဇဝသဒ္ဒါရှိသောကြောင့် မိဂပဒ ဝဋ္ဋဥန နည်းကို သုံးမှ သင့်လျော်မည်။

(၇၁) ၌ ဋီကာကျော်ဆရာသည် အဋ္ဌသာလိနီ မတည်ကြည်လွန်း၍ စီးဖြန်းသောအခါ ဥပေက္ခာဖြစ်၏ဟု လာသောစကား ထိုစကား၏ အဖွင့် မူလဋီကာ အနုဋီကာတို့နှင့်အညီ စီးဖြန်းသောအခါ ဥပေက္ခာဖြစ်သောကာလကို ပြ၍ ဖွင့်သော စကားဖြစ်သောကြောင့် အသင့်ပင်ဖြစ်သည်။ အာသန္နကာလေပန စသည် ရန်ခါဥပေက္ခာဖြစ်သည် ရန်ခါသောမနဿဖြစ်သည်ကို ဆိုရာ၌

အဘယ်အခါ–ဥပေက္ခာဖြစ်သနည်းဟု မေးရန်ရှိ၏ ဋ္ဌိကာကျော်၌ ကရုဏာ မုဒိတာ ဘာဝနာ ကာလေ အပ္ပနာဝိထိတော ပုဗ္ဗေ စသော စကား၌ ပုဗ္ဗေကို ရှေးစိတ် မတည်ကြည်လွန်းသောအခါ၌ဟု ယောဇနာမူ မူလဋ္ဌီကာနှင့် အညီတည်း။ ရှေး ၇၂ ဋ္ဌိကာကျော်ဆရာ ဋ္ဌိကာဟောင်းဆရာတို့သည် ပရမတ္ထ–ဝိနိစ္ဆယ၌လာသော မနောစ ထိနမိတ္တဥ္စသဟဝါတဝိသုံနဝါ ဣဿာမစ္ဆေရ ကုက္ကုစ္စာ အညမညံ ဝိသုံ နဝါ ဟူသော ဂါထာနှင့်အညီ ယောဇနာသောကြောင့် အသင့်ပင်တည်း။

လယ်တီဋ္ဌိကာ မျက်နှာနံပါတ် ၉၉၊ ၂၁ မြောက်၌ တဒါလမ္ဗမာဏံ ပန ဒွယံ စသည်ဖြင့် ဆိုသောစကားကို သာရအားဖြင့် မမှတ်အပ် ကိလေသာ ၁၀ ပါး ပြရာ၌ ထိနတပါးတည်းကို ပြသော ကြောင့်တည်း ဣဿမစ္ဆေရ ကုက္ကုစ္စ မာန တို့နှင့် အိပ်ခါနီး အိပ်ရာထတို့၌ ကိုယ်လက်လေးလံ၍ ညှူစူခြင်းစသည်ဖြင့် ဖြစ်သောအခါ တကွ ဖြစ်သင့်ခြင်းသည် ထင်ရှား၏။

(၇၂) မဟဂ္ဂုတ် ကုသိုလ်တို့သည် ဗလဝဖြစ်သောကြောင့် အရှင်နှင့်တူ၏ မဟဂ္ဂုတ် ဝိပါက်တို့သည် အရှင့်သားနှင့်တူ၏ အရှင့်သားသည် အရှင်သခင်သို့ အစင်လိုက်သကဲ့သို့ ထို့အတူ မဟဂ္ဂုတ် ဝိပါက်စိတ်သည်လည်း အရှင်တည်း ဟူသော မဟဂ္ဂုတ် ကုသိုလ်သည် ပြုအပ်သောအာရုံကို အာရုံပြုနိုင်၏။ ထို့ကြောင့် မူလဋ္ဌီကာ မဟာဝိပါက်အဖွင့်၌ ကာမတဏှာနိဗ္ဗတ္တေန ကမ္မုနာ မဟဂ္ဂတ လောကုတ္တရာနုဘာဝေန ဝိပါကေန ဟောတိတထာ တဒါရမ္မဏဘာဝေါ ဝေဒိတဗ္ဗော ဟူသော စကားနှင့်ညီသောကြောင့် ဋ္ဌိကာကျော်စကားအသင့် အပိစ စသည်ဖြင့် ဆိုရာ၌လည်း ကာမတဏှာဟူသည် ကာမတရားကို အာရုံ ပြုသော တဏှာကို ဆိုသောကြောင့် အပြစ်မရောက်။

စေတသိက် ပိုင်း စီစစ်ချက် ပြီး၏။

ပကိဏ်းပိုင်း စီစစ်ချက်

(၇၄) ၌ စိတ္တုပ္ပါဒ ဝသေနေဝ ဟူသော သင်္ဂဟဂါထာ၌ ဝေဒဒ္ဒါကို လယ်တီဆရာကား နိဝတ္တောတဗ္ဗ အနက်ရှိသော ဝေဒဒ္ဒါဟု ယူ၏။ ၎င်းဝေဒဒ္ဒါကို ဋီကာဟောင်းဆရာ၏ အလိုအားဖြင့် နိယတေကြိယာနောင် ဆောင်၍ အနက်ယောဇနာရမည် ဤအရာ၌ လယ်တီဋီကာ စကားမသင့် အကြောင်းကား အရှင်အနုရုဒ္ဓါဆရာသည် လယ်တီဆိုတိုင်းမှန်က သမ္မယုတ္တာယထာယောဂံ စသော ဂါထာကို မဆိုမူ၍ ဝေဒနာဟေတုတော ဟူသော ဒုတိယဂါထာကို ဆိုရသောကြောင့်၎င်း စိတ်စေတသိက်တို့ကို ရောပြွမ်း၍ပြသောကြောင့်၎င်း ပကိဏ်းဟူသော အမည်ကိုရသောကြောင့်၎င်း ဝေဒနာသင်္ဂဟ ဟေတုသင်္ဂဟတို့သည် စေတသိက်ဖြစ်လျက်ပြသောကြောင့်၎င်း စိတ်ကိုသာယူလျှင် နာမရူပပရိစ္ဆေဒ ကျမ်းကဲ့သို့ ပြသောကြောင့်၎င်း ဤပကိဏ်းပိုင်း၌ ဝေဒနာ ဟိတ်တရားတို့ကိုလည်း အကျဉ်းအကျယ်ပြသောကြောင့်၎င်းတည်း။

(၇၅) ၌လည်း ဋီကာကျော်စကားသည် အသင့်ပင်တည်း။ ထို့ကြောင့် တတ္ထ ဝေဒနာသင်္ဂဟေ တာဝ တိဝိဓာ ဝေဒနာ စသည်ဖြင့် ဝေဒနာကို အကျယ်သာ ဝေဘန်၍ပြ၏။ တတ္ထသုခသဟဂတံ စသည်ဖြင့် ဝေဒနာနှင့်တကွ ဖြစ်သော စိတ္တုပ္ပါဒ်ကို ရေတွက်၍ ပြ၏ သုခဒုက္ခ မုပေက္ခာဟူသော သင်္ဂဟဂါထာသုခမေကတ္ထ ဒုက္ခဉ္စ ဟူသော သင်္ဂဟဂါထာနှင့်ညီ၏။

(၇၆) အရှင်အနုရုဒ္ဓါဆရာသည် ဟိတ်ကို အကျယ်အကျဉ်း စုဏ္ဏိယဂါထာတို့နှင့် ဟေတုသင်္ဂဟ၌ ရေတွက်၍ ပြသည်ကို မျက်မြင်ဒိဋ္ဌ ဖြစ်သောကြောင့် ဋီကာကျော်ဆရာဆိုတိုင်းသင့်၏။

(၇၇) ဖြင့် သမ္မောအဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အဘိဓမ္မာဝတာရ အဋ္ဌကထာ မူလဋီကာ အနုဋီကာ မဟာဋီကာ ဝိဘာဝနီဋီကာတို့ကို ပယ်၏ ပယ်သော်လည်း ၎င်းလယ်တီဋီကာ ၁၆၀ မျက်နှာနံပါတ် ကြောင်းရေ ၁၂ ၌ ယထာပနလောကေ အန္ဓကာရောနာမ အစရှိသော ဋီကာကျော်စကားကို

ချန်လှပ်၍ ပယ်ရာ ဂဏန်း ၇၇ ရောက်အောင် စကားမရှိဟုဆို၏ ဆိုသော်လည်း အမိုက်တိုက်ဟူသည် တရားကိုယ်အားဖြင့် ရှုပါရုံတည်း ရှုပါရုံဖြစ်က အကြောင်းတရားတို့ကြောင့်သာဖြစ်ကုန်၏ ထို့ကြောင့် အကြောင်းမရှိဟုဆိုခြင်းသည် မိစ္ဆာဝါဒဖြစ်၏ ဤအရာဝယ် လယ်တီဋီကာကိုကြည့်ရှုလေ များစွာသော အမှားတို့ကိုတွေ့လိမ့်မည် ရှုပါရတနကို သိလိုလျှင် အဋ္ဌသာလိနီ ရှုပကဏ္ဍ ရှုပါယတန နိဒ္ဒေသဋ္ဌကြည့်လေ ၁၀၇ မျက်နှာနံပါတ် ၉ ကြောင်းရေမြောက်ယထာ (လ) စောဒေတဗ္ဗောတိ ဟူသော စကားဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ပယ်၏။ ပယ်သော်လည်း လယ်တီဋီကာစကားပင်ဖြစ်သည်။ ဗျာနင်္ဂတရားတို့သည် ရုပ်၌လည်းနှံ့၍ ဖြစ်သောကြောင့် ဗျာနလာဘီ ပုဂ္ဂိုလ်တို့၏ ရုပ်သည်လေးခြင်းပေါ့ခြင်း လျှင်မြန်ခြင်း စသည်ဖြစ်သည် ဟိတ်တို့သည် ရုပ်ကို နှံ့၍ ဖြစ်ကုန်၏ ထိုသို့ဖြစ်သောကြောင့် ပဋ္ဌာန်းအရကောက်၌ သဟိဟ်စိတ္တဇရုပ်သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့ကိုလည်း ကောက်ရမည်။ အာသဝပစ္စယာ အဝိဇ္ဇာသမုဒယောဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သမ္မောအဋ္ဌကထာတို့၌ လာ၏။

(၇၈) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ် ၄၅၀ နှင့်အညီ ဋီကာကျော်ဆရာဆို၏။ ၎င်း ၇၈ ၌ လယ်တီဋီကာစီစစ်ခြင်းသည် ဘုရားဟောပါဠိတော် တိုက်ရိုက်ဆောင်၍ ဋီကာကျော်ဆရာပြသော ဘုရားစကားကို စီစစ်သည် မည်သော ကြောင့် အလျှင်းမသင့် ယထာဟိသူရိယော လောကေ အာဂဟော စသော စကား၌လည်း သင်္ဂဟစသည်တို့အား အရောင်အလင်းသည် ကျေးဇူးမပြုသော်လည်း ကျေးဇူးပြုသည် အမှန်ပင်တည်း။

(၇၉) သင်္ဂဟ၌ ကိစ္စ ကိစ္စဝန္တတရားတို့ကို အကျယ်ရောက်၍ ပြသည်ကို မျက်မြင်ဖြစ်သောကြောင့် ဋီကာကျော်အတိုင်းပင်တည်း။

(၈၁-၈၁) တို့၌လည်း အဟုန်ဟူသည် အဟုန်နှင့်တကွ[illegible]
ဆိုသည် ဋီကာကျော်ကျမ်းအသင့်ပင်တည်း ဤဆိုခြင်းသည် [illegible]
ကျမ်း သင်္ဂဟဋီကာဘိဓာန်ကျမ်းတို့နှင့် အညီပင်တည်း [illegible]

တို့ကိုထောက်။

(၈၂) ကိစ္စနှင့်ဌာန မပြားသည်၏အဖြစ်ကို အဌသာလိနီ ၂၇၁ မျက်နှာ၌ ဌာနံ ပန ဇေံ သမ္ပဋိစ္ဆန ကိစ္စမေဟေတံ ဟောတိဟူသော စကားကို မြင်သော ကြောင့်၎င်း သဂ်ဟ၌ အဌသင်္ခါတထာဒွေစ ဟူသော ဂါထာကို မြင်သော ကြောင့်၎င်း သိသာ၏။ ထို့ကြောင့် ဋီကာကျော်အတိုင်းပင်သင့်၏။ လယ်တီ ဋီကာ ကိုးကား၍ ပြသောအဌကထာ၌ ဌာနသဒ္ဒါ ကိစ္စကိုဟော၏။ ပဋိသန္ဓိကာ-လေဟူသော စကားကို ပဋိသန္ဓေစိတ်၏ဖြစ်ရာကာလကို ပြလို၍ အဌကထာ ဆရာ ဆိုတော်မူ၏။ ဌာနသဒ္ဒါ ကာလ အနက်ကို ပြလို၍ ဆိုသည်မဟုတ်။ ထို့ကြောင့် ကိုးကားရာမရောက် အဌကထာဆရာတို့လည်း ကိစ္စဌာန တလုံး တည်းပင်ပြကုန်၏။ အဌသာလိနီ ၂၇၄ ကုသလဝိပါက် သန္တီရဏကိုပြသော ဒုတိယာပန ပဥ္စသုဌာနေသု စသော စကားကိုယူ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ ကိစ္စ၏။ ဌာနံ၊ တည်ရာတည်း။ ဟု ဋီကာကျော်၌ အနက်ယောဇနာ ဋီယတေ ဌာနံ ဟု ဘာဝသာဓ်ပြု သဒ္ဒ်ပဝဏ္ဏနာဆရာသည် ဌာနသဒ္ဒါကို အကြားအပေါက်တည်း ဟူသော ပညတ်ကိုယူ၏ လယ်တီဋီကာကား ကာလဌာနယူ၏။ အခြင်းအရာ အာကာရအားဖြင့် ၁၄ ပါး။ တည်ခြင်း ဖြစ်ခြင်းအားဖြင့် ၁၀ ပါးဟု ဝိသုဒ္ဓိမဂ် အဌကထာပြ၏ ၎င်းအဌကထာ၌ ကိစ္စသဒ္ဒါကို ဝိသေသန ဌာနသဒ္ဒါကို ဝိသေသျ ပြု၍ပြသောကြောင့် ကိစ္စနှင့်ဌာန မပြားဟု ဋီကာကျော်ဆရာပြခြင်း သည် အသင့်ပင်တည်း။ စုတိဘဝင်္ဂါနံ၊ စုတိဘဝင်တို့၏။ အနန္တရာ။ အကြား၌ တည်ခြင်းသည်။ ပဋိသန္ဓိဌာနံ၊ မည်၏ဟု ဋီကာကျော်၌ယောဇနာသဂြိုဟ်၌ ပဌကိစ္စာနိနာမ ဆိုသောအရာဌာနမှာ ဝိသုဒ္ဓိမဂ်၌ ပဌဌာနာနိနာမဆိုသည်ကို ထောက်၍၎င်း အဌသာလိနီကို ထောက်၍၎င်း သဂ်ဟ၌ အဌသင်္ခါဟူသော ဂါထာကို ထောက်၍၎င်း ကိစ္စနှင့်ဌာန တူသည်ကို ထင်ရှားစွာသိရ၏ အဌသင်္ခါ ဂါထာကို သဒ္ဒ်ပဝဏ္ဏနာဆရာ လယ်တီဆရာတို့ ယောဇနာခြင်းသည် ၎င်းဆရာ ရှေ့၌ ဆိုအပ်သောစကားနှင့် ဆန့်ကျင်သောကြောင့် ပုဗ္ဗာပရဝိရောဓိဒေါသ ရောက်၏။

(၈၃) ၌ ဋီကာကျော်ဆရာသည် အကျိုးတရားဖြင့် အကြောင်းတရားကို ပြသည် အဋ္ဌသာလိနီ ၂၈၀ မျက်နှာနံပါတ်၌ ကေန္တေန ပန စသော စကား ထိုစကား၏ အဖွင့်မူလဋီကာစကားတို့နှင့်အညီ ဟိတ်ကိုလည်းဆိုသောကြောင့် အသင့်ပင်တည်း။

(၈၄) ဋီကာကျော်ဆရာသည် အကြိမ်များစွာဖြစ်သော ဇောမှာ ပြေးသွားသောယောက်ျားနှင့်တူသောကြောင့် ဇောမည်တန်စေ တကြိမ်တည်းဖြစ်သော ဇောမှာ အဘယ်သို့ဇောမည်ပါသနည်း မေးစရာရှိသောကြောင့် ကေစိတ္တက္ခဏမို့ စသော စကားကိုဆိုသည် လယ်တီဋီကာကား ဋီကာကျော်ဆရာ၏ အလိုကို မသိ အဟုန်ဆိုရာ၌ အဟုန်ကိုလည်း မသိ ပယ်ရအောင်သာကြံ၏ အဟုန်ဟူသည်ကား လျှင်မြန်စွာပြေးသွားခြင်းကိုဆိုသည်။

(၈၅) ဤအရာ၌ ရုပ်ပဋိသန္ဓေ ရုပ်စုတိ ရုပ်ဘွင်တို့ကို နှစ်စေခြင်းငှါ ဋီကာဟောင်းဆရာဆိုသည် ၎င်းဆိုတိုင်း ဋီကာကျော် ရှေးနည်းကိုယောဇနာသည်။

(၈၆) ဋီကာကျော်စကားအသင့် သင့်ကြောင်းကို သင်္ဘာ၌ ကြည့်သိလိမ့်မည်။

(၈၉) ဋီကာကျော်ဆရာ စကားသည် အဋ္ဌသာလိနီ ၂၉၀ နံပါတ် ၉ ကြောင်း မြောက်၌လာသော တတ္ထမနောတိ ဘဝင်္ဂစိတ်တံ စသော စကား မဟာဋီကာ ဋီကာဟောင်းစိတ်ပိုင်း ၂၀၇ ၌ လာသော စကား ၎င်းကျမ်းတို့နှင့်ညီသောကြောင့် အသင့်ပင် စက္ခုဒသက စသည်တို့သည် အာရုံထင်ခြင်းသို့ ရောက်သည်ဖြစ်စေ မရောက်သည်ဖြစ်စေ ဝိထိစိတ်ဖြစ်ခြင်းအကြောင်းကား ဖြစ်ကုန်သည်သာတည်း။

(၉၀) ဤ ဘွင်ဟူသော ပုဒ်ကိုဖွင့်သော မဟာဋီကာ၌ သာဝင်္ဂနံဘဝင်် ဟုဖွင့်သောကြောင့် ဋီကာကျော်ဆရာ ဤအရာ၌ ဆောင်ခြင်းသည် အသင့်ပင်တည်း။ ပဋိစ္စတိနာမ ဟူ၍ လာသောအရာ၌မှာန မဖြစ်သည်ဖြစ်စေ ဖြစ်သည်

ဖြစ်စေ ဝိညာဏ်ဖြစ်ခြင်းအကြောင်းကို ပြရာ၌ အာဝဇ္ဇန်း၏ အန္တရဖြစ်သော ဘွင်ကိုယူရမည် လယ်တီဋီကာ ဓာတုဝိဘင်းအဋ္ဌကထာ၏ အဓိပ္ပါယ်ကို အလွဲယူ၏ ဝိညာဏ်ဖြစ်ခြင်း၏အကြောင်းကို ပြရာ၌လည်း သမ္မယုတ္တာဓမ္မတည်း ဤပြခြင်းသည် အဋ္ဌသာလိနီ (၂၀၇) ၌လာသော ဝိညာဏ်ဖြစ်ခြင်း၏ အကြောင်းနှင့် မညီသောကြောင့် မှား၏။

(၉၁) ဋီကာကျော်ဆရာသည် စက္ခာဒိဒွါရေသု အပဝတ္တာနတောဟိတ်ဖြင့် ဒွါရဝိမုတ်စိတ်တို့၏ ဒွါရအကြောင်းအရာမှ ကင်းခြင်း၏အကြောင်းကိုပြ၏ မနောဒွါရသခ်ါတ ဘဝင််တော အာရမ္မဏန္တရဂ္ဂဟနဝသေန အပဝတ္တာနတောစ ဟူသော ဟိတ်နှစ်ချက်တို့ဖြင့် စက္ခုအစရှိသော ဒွါရ၌ မဖြစ်ခြင်း အကြောင်းကို ပြသော ဟိတ်ထူးတည်း။ ထို့ကြောင့် ဝိဘင်းမူလဋီကာ ၉၃ မျက်နှာနံပါတ်၌ လာသော အဟေတုကဒွါရာ (လ) အသက္ကုဏေယျတာ ဟူသောစကားနှင့် ညီသောကြောင့် ၎င်း ဋီကာကျော်ဆရာသည် အသင့်ပင်တည်း။

(၉၂) ဋီကာကျော်ဆရာသည် စက္ခာဒိဒွါရေသု အပဝတ္တာနတောဟိတ်ဖြင့် ဒွါရဝိမုတ်စိတ်တို့၏ ဒွါရအကြောင်းအရာမှ ကင်းခြင်း၏အကြောင်းကိုပြ၏ မနောဒွါရသခ်ါတ ဘဝင််တော အာရမ္မဏန္တရဂ္ဂဟနဝသေန အပဝတ္တာနတောစ ဟူသော ဟိတ်နှစ်ချက်တို့ဖြင့် စက္ခုအစရှိသော ဒွါရ၌ မဖြစ်ခြင်း အကြောင်းကို ပြသော ဟိတ်ထူးတည်း။ ထို့ကြောင့် ဝိဘင်းမူလဋီကာ ၉၃ မျက်နှာနံပါတ်၌ လာသော အဟေတုကဒွါရာ (လ) အသက္ကုဏေယျတာ ဟူသောစကားနှင့် ညီသောကြောင့် ၎င်း ဋီကာကျော်ဆရာသည် အသင့်ပင်တည်း။

(၉၃) စုဏ္ဏိယ၌ စုဏ္ဏိယအားလျော်စွာ ဂါထာ၌ ဂါထာအားလျော်စွာ ဖွင့်သောကြောင့်၎င်း အနက်အဓိပ္ပါယ်မပျက်က သင့်သောကြောင့်၎င်း ဋီကာကျော်စကားအသင့်ပင်တည်း။

(၉၄) သင်္ဃာ၌ အာရုံ အာရမ္မဏိက တရားတို့ကိုရေတွက်၍ ပြသည်ကို မျက်မြင်ဖြစ်သောကြောင့် အသင့်ပင်တည်း။

(၉၅) ဋီကာကျော်ဆရာသည် ဒုဗ္ဗလ(လ) အာလမ္ပိယတိဖြင့် အာလမ္ဗဏ ဟု ရှိသောပါဠိနှင့် လျော်စွာပြု၏ ထိုသို့ဖြစ်က လယ်တီဋီကာကဲ့သို့စွဲ၍ ပြုတော့ လောဟူမူ အာလမ္ဗဏ သဒ္ဒါသည် သက္ကဋဘာသာ မဂဓဘာသာ အားဖြင့် တူ၏ အနက်အားဖြင့်တူ၏ဟု သိစေခြင်းငှါ တပေါင်းတည်းဆိုသည် မဂဓဘာသာ ဘုရားဟော ပါဠိတော်၌ အာလမ္ဗဏဟုမရှိ အာရမ္မဏသာရှိသည် သက္ကဋဘာသာ မုတ္တာဝလိအဘိဓာန် ပြကတိဗောဓအဘိဓာန်တို့၌ကား အာလမ္ဗဏသာရှိ၏ ထို့ကြောင့် အသင့်ပင်တည်း။

(၉၅) ဝယ် ဋီကာကျော်စကား၌ ဖြစ်ခြင်းကင်းသည်ကား ဖြစ်ခြင်းကင်းသောကြောင့်တည်း။ လယ်တီဋီကာစကား၌ ဖြစ်ခြင်းကင်းသည်ကား ဖြစ်ခြင်းကင်းသောကြောင့်တည်း ထိုစကားနှစ်ရပ်တို့သည် အတူတူပင်ဖြစ်သည်ထို့ကြောင့် လယ်တီစကားအပြစ်မရောက် ဋီကာကျော်စကားသည် သစ္စသံခိပ်ဋီကာဟောင်းတို့၌ ဝိကာရ ဘာဝတောဟုဆိုသည် ဋီကာကျော်၌ ဝိနဿ ဘာဝတော ဟုဆို၏ အဓိပ္ပါယ်အတူတူပင်တည်း။

(၉၆) ၌ ရှေးဝိထိတို့၌ ယူအပ်မယူအပ်သော အာရုံတို့၌ မဆိုင် တဝိထိတွင်း၌ မယူသည်ကို ဋီကာကျော်ဆိုသည် ထို့ကြောင့် ဋီကာကျော်စကားသင့်၏။

(၉၇) သေခါနီးကာလ ရှေးအဘို့၌ အာရုံပြုသော အိပ်မက်၌ ဖြစ်သော အာရုံတို့နှင့် ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့နှင့်ဘာမျှမဆိုင်သောကြောင့် ဋီကာကျော်စကားအတိုင်းပင်သင့်၏ အဇာတသတ်မင်းမှာသာ အိပ်မက်သည်မဟုတ် သူသူငါငါမက်ကြ၏ အိပ်မက် မက်သောအာရုံနှင့် ဂတိနိမိတ်မဆိုင် အဇာတသတ်မင်းသည် ဓာတ်ချောက်ချား၍ မက်၏ လယ်တီဋီကာ မျက်နှာ ၁၁၇ ၌ ရေဝတီဝတ္ထုမှာ ငရဲထိန်းတို့ နတ်ပြည်သို့ တက်၏ဟု ဝိမာနဝတ္ထုပါဠိတော်၌ နေယျတ္ထအဓိပ္ပါယ်ကို နီတတ္ထယူ၍ဆို၏ ၎င်းဝိမာနဝတ္ထု အဋ္ဌကထာနှင့် မညီသောကြောင့် မသင့် အဋ္ဌကထာကိုရှုလေ လယ်တီဋီကာ၌ ပစ္စုပ္ပန်ဂတိနိမိတ်ပြီးသည်ရှိသော် အနာဂါတ်ဂတိနိမိတ်ပြီး၏ဟု ဆိုသောကြောင့်မသင့် အကြောင်းကား ဋီကာကျော်၌ နမို ပစ္စုပ္ပန္နေ ကမ္မနိမိတ္တေ ဂတိနိမိတ္တာနံ ဝိယ အာပါထဂတ္တေ ဟောတိ ဟူသော စကားကိုထောက် ၎င်းဋီကာစကားသည် သင့်မြတ်သောစကားဖြစ်သည်။

(၉၈) ၌ အနုဘူတပုဗ္ဗဖြင့် လယ်တီအပြစ်ကောက်သော်လည်း ဋီကာကျော်ဆရာဆိုသော အနာဂတ်အာရုံဟူသည် အတိတ်ကမ္မနိမိတ်ကဲ့သို့ ဖြစ်ပြီး၍ မဟုတ် ပစ္စုပ္ပန်ဂတိနိမိတ်ကဲ့သို့ ထင်ရှားသည်လည်းမဟုတ်ဟူသော စကားသည် အသင့်ပင်တည်း။

(၉၉) ၌ အာဒိသဒ္ဒါ မပါသည်ရှိသော် ဝိပါကာနံ ဟူသော ကတ္တားနှင့် ဆန့်ကျင်သောကြောင့် ဋီကာကျော်အတိုင်းပင်သင့်၏ အာဒိသဒ္ဒါကို မဆိုလျှင် ဝိပါကာနံ ကတ္တားအရ မဟာဝိပါက်စိတ်သန္ဓိရဏစိတ်တို့တွင် မဟာဝိပါက်စိတ် ၈ ခုသည်လည်း သန္ဓိရဏ ကိစ္စနှင့် ဖြစ်၏ဟူသော အနက်ရောက်ခဲ့၏ သန္ဓိရဏ ကိစ္စဖြင့် မဟာဝိပါက်တို့သည် အခြင်းခပ်သိမ်းဖြစ်သည်မည်သည်မရှိ ထို့ကြောင့် အာဒိသဒ္ဒါဖြင့် ဆိုခြင်းသည် အသင့်ပင်တည်း အာဒိသဒ္ဒါဖြင့် မဟာဝိပါက်စိတ်တို့၏ တဒါရုံကိစ္စဖြစ်သည်ကို ယူ။

(၁၀၀) သင်္ဃာ၌ ဝတ္ထု ဝတ္ထုတို့ကို မှီသော စိတ်တို့ကို ရေတွက်၍ပြသည်ကို မျက်မြင်ဖြစ်သောကြောင့် ဋီကာကျော်အတိုင်းသင့်၏။

(၁၀၁–၁၀၂) တို့ဝယ် သုတ္တန္တ ပိဋကတ်၌ မနောဝိညာဏဓာတုသဒ္ဒါဖြင့် မနောဓါတ် မနောဝိညာဏဓာတ် နှစ်ပါးကို ယူရသောကြောင့် ဋီကာကျော် ဆရာသည် ရှေးဝိကပ်ဖြင့် မနောဓာတ်နှင့် လျော်သော ဝစနတ္ထကိုပြ၏ မူလဋီကာ ၁၁၈ စက္ခုဝိညာဏာဒီနံဟိ အစ တေသံပူရေ ဝစရံ အနုစရဉ္စာတိ စကားနှင့် မဟာဋီကာလာသော သုံးဝိကပ်တို့တွင် ရှေးနှစ်ဝိကပ်နှင့် ညီသောကြောင့် ဋီကာကျော်စကား အလွန်ပင်သင့်မြတ်၏ ဋီကာဟောင်းကိုပယ်ရာ၌ မူလဋီကာ အသွားအလာ မဟာဋီကာတို့နှင့် ညီသောကြောင့်ပင်တည်း လယ်တီဋီကာကား ဝိကပ်သုံးခုတို့တွင် နောက်ဆုံးဝိကပ်ကိုသာ ယူ၏ ရှေးနှစ်ဝိကပ်နှင့် ညီသော ဋီကာကိုပယ်၏ ပယ်သော်လည်း မသင့်။

(၁၀၃) ၌ သမ္ဘာဝနာ လက္ခဏာမရှိသောကြောင့် ၎င်း စသဒ္ဒါ ၀ါ သဒ္ဒါတို့ကို မည်သည့်ပုဒ်နောင် ထိုင်သည်ဖြစ်စေ အနက်အလျှင်းသင့်ရာယူ၍ အနက်ယောဇနာသောကြောင့် ၎င်း ဋီကာကျော်အတိုင်းသင့်၏။ သင်္ဃ ပဥ္စဒ္ဒါရာဝဇ္ဇန သမ္ပဋိစ္ဆန သန္တီတာ မနောဓာတု စ ၌ စသဒ္ဒါကို ဘာစလဲ ဟု လယ်တီဋီကာကို မေးဘွယ်ရှိ၏။

(၁၀၄) ၌ သန္ဓိရဏ(လ) ဝသေန ပုဒ်သည် အဝသေသာ မနောဝိညာဏ

ဓာတုသဒ္ဒါတာ ဟူသော ပုဒ်၏ ဘိန္နာဓိကရဏ ဝိသေသန ပုဒ်တည်း ဝိသေသန ဝိသေသျ ပုဒ်နှစ်ခုတို့တွင် ဝိသေသနပုဒ်ကို အနက်ရှေးဦးစွာပေးရသောကြောင့် ဋီကာဟောင်း ဋီကာကျော်တို့ပင် သင့်၏။ ပဋိဃဿ အနီဝရဏ ဝတ္တာသ အဘာဝတော ဟိတ်ကို သာရတ္ထဋီကာ မဟာဋီကာတို့ ဆုံးဖြတ်သည့်အတိုင်း ဋီကာကျော်ရေး၏ မဟာဋီကာလည်း သုတ္တန်ပါတ် အဋ္ဌကထာနှင့်အညီဆုံးဖြတ်၏ သုတ္တန်ပါတ် အဋ္ဌကထာ၌ ဘုရားအလောင်း ဖွားသောအရာကို ဖွင့်ရာ၌ ကြည့်ပါ လယ်တီဋီကာကား ကေန္တန်ဝရဏဥ္စ စျာနဘူမိသု အသမ္ဘဝတော ဟု ဟိတ်တခုထည့်ပြီးလျှင် ၎င်းဟိတ်ကိုပင် နှစ်သက်သည်ဟုဆို၏ လယ်တီဋီကာ နှစ်သက်သောဟိတ်သည် ဧကဆရာတို့ဝါဒဖြစ်၍ မဟာဋီကာ၌ အကြောင်းအကျိုးပြ၍ ပယ်၏ ပါဋ္ဌသေသ ထည့်စွက်မှ အနက်ယောဇနာ၍ ဖြစ်သောဝါကျသည် နေယျ ဒေါသ ရောက်သည်ဟု အလင်္ကာတို့၌ ဆိုသောကြောင့် အဝသေသာပန မနောဝိညာဏဓာတု သဒ္ဒါတာစ ဟူသော ဝါကျကို လယ်တီဆရာ အနက်ယောဇနာခြင်းသည် တီ သ ဓမ္မ ဟု ပါဋ္ဌသေသ ထည့်မှဖြစ်ခြင်းကြောင့် နေယျဒေသရောက်၏။

ပကိဏ်းပိုင်း စီစစ်ချက်ပြီး၏။

ဝိထိပိုင်း စီစစ်ချက်

(၁၀၅) ဧကမှိဝတ္တဗ္ဗေ ဧကဝစနံ ဗဟုမှိ ဝတ္တဗ္ဗေ ဗဟုဝစနံ ဟူသည်နှင့် အညီ အရှင်အနုရုဒ္ဓါဆရာသည် ပကိဏ္ဏကသင်္ဂဟတခုကို ယူလိုက်သည်ဖြစ်၍ ဧကဝုစ်နှင့် ဆိုသောကြောင့်ဌင်း အကယ်၍ လယ်တီဋီကာဆရာကဲ့သို့ ဗဟုဝုစ်နှင့် ဆိုသောကြောင့် နာမရူပ ပရိစ္ဆေဒဌ် ဝတ္ထုဒ္ဒါရ အာရုံ ဘုံ ပုဂ္ဂိုလ်အပြားကိုလည်း ပြခြင်းကြောင့် ဋီကာကျော်ဋီကာဟောင်းတို့အတိုင်းပင်သင့်၏ ပဝတ္တိသင်္ဂဟံ နာမ ဟူသောပုဒ်ဖြင့် ပဝတ္တိသင်္ဂဟအရကို ဝိထိသင်္ဂဟကိုသာယူရမည် ဝိထိမုတ္တသင်္ဂဟပါ မယူနှင့် လယ်တီဋီကာ ကဲ့သို့ သင်္ဂဟနှစ်ပါး ယူခဲ့လျှင် အနုရုဒ္ဓါ

ဆရာသည် ဝိထိမုတ္တာသင်္ဂဟအစဉ် ဝိထိစိတ္တာဝသေနဝံ ဟူသော အနုသန္ဓေ စကားကို မဆိုရာ ဝိထိပိုင်းဖြင့် ပဋိသန္ဓေ စပ်သော အရာကို လင်းပါးသော အားဖြင့် ပြ၏။

(၁၀၆) ပရမတ္ထဝိနိစ္ဆယျဉ် လာသော စကားကိုထောက်၍ ဋီကာကျော် အတိုင်းပင်သင့်၏ လယ်တီဋီကာကား သင်္ဂဟမျှကိုသာကြည့်၍ ဝတ္ထုဒွါရ အာရုံမျှကိုသာ ထားသည်ဟုထင်၏ ဝတ္ထုသင်္ဂဟ ဒွါရသင်္ဂဟ အာရမ္မဏသင်္ဂဟ အလုံးစုံတို့ကို မထားဟုထင်၏။

(၁၀၇) ဋီကာကျော်ဆရာသည် နည်းနှစ်ပါးပြသောကြောင့် ထိုက်သင့်သည် အားလျော်စွာ ယူသင့်သောကြောင့်၎င်း ယထာကမ္မံ အာရမ္မဏဘူတာ ဟူသော သင်္ဂဟစကား၌ ပရိတ္တာရုံ ဝိထိတိုင်အောင် ရှေးဝိထိသုံးပါး၌ အာရမ္မဏသဒ္ဒါကို အာရုံဟော နောက်အတိပရိတ္တာရုံ၌ အကြောင်းဟောယူ၍ စင်စစ်အာရုံ၌ မဖြစ်သော်လည်း ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်ကို ရည်၍ ဋီကာကျော် ဆရာဆိုသောကြောင့်၎င်း ဋီကာကျော်ဆရာစကား အသင့်ပင် တည်း အာရုံ၌ စိတ်ဖြစ်ခြင်း၏ အကြောင်းဟူသည်လည်း ဝိသယတ္ထပင်တည်း လယ်တီဋီကာ ကား ဋီကာကျော်နှလုံးသွင်းကိုလည်း မသိပယ်ရအောင်သာကြံ၏ လယ်တီဋီကာ မျက်နှာနံပါတ် ၁၂၅ - ၂ ကြောင်း၌ ဓာတုဘေဒံ ပတ္တာ စသည်ဖြင့် မနောဓါတ်ကို ဝိညာဏ် ခြောက်ပါးလုံးသွင်း၍ ယူခြင်းသည် ပရမတ္ထ ဝိနိစ္ဆယ မူလဋီကာတို့နှင့်အညီတည်း။

(၁၀၈) ၌ ဋီကာကျော်ဆရာသည် ဝိသယပဝတ္ထိကိုဆိုသဖြင့် ဆက္ကာခြောက်ပါး ရုပ်သက်သက် နာမ်သက်သက်ကိုဆိုခြင်းကိစ္စပြီးစီးသောကြောင့်၎င်း သင်္ဂဟ နိဂုမ်း၌ ဝိထိစိတ္တာနိ သတ္တော်ဝ ဟူသော ဂါထာနှင့် ညီသောကြောင့်၎င်း ဋီကာ ကျော်အတိုင်းပင်သင့်၏။ လယ်တီဋီကာကား ရှေးနောက်မစပ်ဟုဆို၏။

(၁၀၉) ကထာဝတ္ထု၌ ပါဠိတော်အားလျော်စွာ ဥပါဒ်ခဏဘင်ခဏကိုသာ ယူ၍မေးသည် ဋ္ဌိခဏ မရှိသောကြောင့် မေးသည်မဟုတ် ထို့ကြောင့်

ဋ္ဌီကာကျော်အတိုင်းပင်သင့်၏ဟု မှတ် ဤအရာ၌ ကထာဝတ္ထုအဌကထာကို ရှုဦး။

(၁၁၀) ဟဒယ ဝတ္ထု အသီးအခြားမရှိလျက် ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဝေဏ္ဍယျဋ္ဌာသယအားဖြင့် ဒုက်တွဲ၍ မဟောခြင်း မဟာကုသိုလ်စိတ်၌ အသင်္ခါရိက အဖြစ်ထင်ရှားရှိလျက် ဝေနေယျဋ္ဌာသယအားဖြင့် သသင်္ခါရိက ကိုသာ ဟော၍ အသင်္ခါရိကကို မဟောသောကြောင့် ဋ္ဌီကာကျော်အတိုင်းပင်သင့်၏။

(၁၁၁) အဌကထာ ဆရာ ဋ္ဌီကာကျော်ဆရာတို့ ဋ္ဌိရှိ၏ဟူသော အဆုံးအဖြတ်သည် တီဏိလက္ခဏာနိ ဥပ္ပါဒလက္ခဏံ ဝယလက္ခဏံ ဋ္ဌိတညာ တတ္ထ လက္ခဏံ ဥပ္ပါဒလက္ခဏံ ဝယလက္ခဏေနစ ဝယလက္ခဏေနစ သုညံ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ တေန ဥပ္ပါဒက္ခဏေ သေသဒိန္နံ ဋ္ဌိတိက္ခဏေ သေသဒိန္နံ ဘင်္ဂက္ခဏေ သေသဒိန္နံ အဝေါမိဿိတော ပဋိသမ္ဘိဒါမဂ် ပါဠိတော်အဌကထာ ၎င်းပါဠိတော် အဌကထာတို့နှင့်ညီသောကြောင့် အလွန်ပင်ကောင်းသော အဆုံးအဖြတ်ဖြစ်သည် ၎င်းပါဠိတော်အဌကထာတို့ကိုထောက်၍ ခန္ဓဝဂ္ဂသံယုတ်လာ အဌကထာမိန့်မှာသော အပရေဝါဒ မူလဋ္ဌီကာ လယ်တီဋ္ဌီကာတို့၏ အနုဘူတအယူဝါဒ ဖြစ်သည်ကို ကောင်းစွာသိသင့်လှ၏။

(၁၁၂) ယထာနုလောမ ယထာပရာဓဟု ဆိုအပ်သော်လည်း ယေဘုယျဟု အဌကထာဆိုသောကြောင့် ၎င်း အကယ်၍ ဝိညာယတိ အနက်မယူမူ၍ ပညာယန အနက်ကြောင့် ပညတ်ဖြစ်သော ပဗန္ဓဋ္ဌိကို ယူခဲ့လျှင် ဥပါဒ်ဘင်တို့၌ ပညာယတိဟု ဟောတော်မူသောကြောင့် ပရမတ်ဖြစ်သော ဥပါဒ်ဘင်ကို မယူမူ၍ စိတ်စေတသိက် ရုပ်တို့၏ အစဉ်ဖြစ်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော ပညတ်ဥပါဒ် ပညတ်ဘင်ကိုသာ ယူရသောကြောင့်၎င်း ဋ္ဌီကာကျော်အတိုင်းပင်သင့်၏။

(၁၁၃) ဋီကာကျော်ဆရာသည် အာရမ္မဏိကတရား၏ ကြွင်းသော အပြန် အာရုံတရား၏ နှုးသောအပြန်ရှိခြင်း၏ အကြောင်းကိုပြသောကြောင့်ဎင်း သမ္မောအဋ္ဌကထာ၌ လာသော ချေကွဲချေတိုဖြင့်ပြအပ်သောစကားကိုချုံး၍ ပြသောစကားဖြစ်သောကြောင့်ဎင်း ဋီကာကျော်အတိုင်းပင်သင့်၏။

(၁၁၄) ၌ ဋီကာကျော်စကားသည် လယ်တီဋီကာစကားနှင့်မတူ အနက်ပေး သာလိုသည် သို့ဖြစ်၍ အာဂတတ္တာ မဟာအဋ္ဌကထာဝါဒကို ပယ်သောအားဖြင့် လာသည်၏ အဖြစ်ကြောင့်တည်းဟု ယောဇနာ ဤသို့ယောဇနာသောကြောင့် ဋီကာကျော်စကားအသင့်ပင်တည်း။

(၁၁၅) ဗဟုဗ္ဗီဟိသမာသ် တပ္ပုရိသ်သမာသ် နှစ်ဝိကပ်လုံးပင် ပဉ္စာရုံကို ရသည်ချည်း အထူးမရှိ လယ်တီဋီကာကား တောင်မဟုတ် မြောက်မဟုတ် အပြစ်ဆို၏။

(၁၁၆) ဋီကာကျော်ဆရာသည် မဟာဋီကာနှင့်အညီဆို၏ လယ်တီဋီကာ မျက်နှာနံပါတ် ၁၁၃ အထက်ဆုံးကြောင်း၌ လယ်တီဆရာသည် ဋီကာကျော်၌ အနန္တရပစ္စယဘူတေန ဟူသော စကားကို အနန္တရပစ္စည်းဖြစ်သောဟု အနက်ကို ယူ၍ အပြစ်ကောက်၏ ဤကဲ့သို့ အနက်ယူမူ ဤ ဘဝန္တိ ဧတေနာတိ ဘူတံ အနန္တရပစ္စယဿ ဘူတံ အနန္တရပစ္စယဘူတံ ပြု၍ အနန္တရပစ္စည်းဖြစ်ကြောင်း ဖြစ်သောဟု အနက်ယောဇနာက အသင့်ပင်ဖြစ်၏ ဋီကာကျော်ဆရာသည် အာရုံထိခိုက်နိုင်သောဘွင်နှင့်တကွဲ ဖြစ်သော စက္ခုဝတ္ထုကိုမှီသည်ဟု ဆိုသည်။

(၁၁၇) ၌ ဋီကာကျော်ဆရာသည် အာဝဇ္ဇနေန သဒ္ဒိံ ဥပ္ပန္နတိဟူသော စကား၌ အပရေစကားကို ပမာမပြုလောက်သော ဝါဒဖြစ်၍ အပရေဟု ဆိုသည်။

(၁၁၈) ၌ ဋီကာကျော်ဆရာသည် မဟာဋီကာနှင့်အညီဖွင့်၏ နဟိယောဂျ-ဒေသာ စသည်ဖြင့် ဋီကာကျော်ဆရာဆိုခြင်းသည် မဟုတ်ခြင်း ထိခိုက်သော

ဗောဌဗ္ဗာရုံနှင့်တူသောကြောင့် မသင့် ဤအရာကား ရူပါရုံ စက္ခုပသာဒ စသော ရုပ်တို့ ထိခိုက်သောအရာဖြစ်၍ ဋီကာကျော်ဆရာအတိုင်းပင်သင့်၏ သင်္ဟ၌ တတော ဒွိက္ခတ္တုံ ဘဝင်္ဂေစလိတေ စသောစကား၌ ထိုထင်ခြင်းသို့ရောက်သည်၏ အခြားမဲ့၌ အနက်ယောဇနာရမည်။ တတောတိဃဋ္ဌနာ နန္တရံဟု မဟာဋီကာ ဝိသုဒ္ဓိမင်အဌကထာတို့ ဖွင့်သည်နှင့် အညီဖြစ်သတည်း။

(၁၁၉) ၌ ဋီကာကျော်ဆရာသည် မဟာဋီကာလာသော စောဒနာအတိုင်း မဟာဋီကာ၌ တိသမ္ဗန္ဓဘာဝတောကို ကြည့်၍ သန္တဝသေန ဧကန္တဗန္ဓတာဟူသော စကားကိုဆိုခြင်းကြောင့် အသင့်ပင်တည်း ဝိသုဒ္ဓိမင်မဂ္ဂညာဏဒဿနဝိသုဒ္ဓိကို ထောက်၍ မဟာဋီကာ ခန္ဓနိဒ္ဒေသ၌ ရှေးဦးစွာ ထင်ခြင်းသို့ရောက်ပြီးမှ ဘဝင်လှုပ်ကြောင်းကို ဖွင့်သည်။ ဝိသုဒ္ဓိမင်နှင့် အဌသာလိနီစကား၌ ဃဋ္ဌေတွာ၌ တွာပစ္စည်းကို ပုဗ္ဗကြိယာ၌သက် လယ်တီဋီကာကဲ့သို့ သမာနကာလ၌ မသက်နှင့် ဝိသုဒ္ဓိမင်အဌကထာကို ဗုဒ္ဓဃောသဆရာ သူစိတ်ကြိုက်ရေးသည် အဌသာလိနီ အဌကထာကိုကား မဟာအဌကထာကို ကိုးကား၍ မဟာအဌကထာအတိုင်း အရေးများသည် အဌကထာနှင့် မစပ်မိ၍ ပယ်ရလျှင် အဌသာလိနီကို ပယ်ရမည်။ ထို့ကြောင့် အဌသာလိနီ၌ မင်နောင်ဖိုလ်ဇော လေးကြိမ်ဆိုသည်ကို မယူမူ၍ ဝိသုဒ္ဓိမင်အဌကထာလာတိုင်း ၂-ကြိမ် ၃-ကြိမ်ကိုသာ အတည်ပြု၍ သင်္ဟဆရာ ရေးစီရင်သည်။ ခဏေ ဒသစ္ဆရကာလော ဋီကာသစ်။ ၁၃၇-မျက်နှာ နံပါတ် ၂၁ ကြောင်းရေ၌ ပဥ္စ(လ) ဝတ္ထုန္တိဟူသော စကားသည် တကြိမ်မဖြစ်သင့်သောကြောင့် အဌကထာ ပယ်သောကြောင့် ဒုက္ကဋ္ဌ ပရိစ္ဆေဒ ဆိုသော်လည်း မသင့် ပါဏိနီစသော ဗျာကရုဏ်းကျမ်းတို့၌ ဘောအနက်၌ တွာပစ္စည်းကို ရှေးနောက်ကြိယာ ကတ္တားဟူသော အရာ၌စီရင်၏ မောဂ္ဂလာန်ကျမ်း၌ ၎င်းနည်းတူပင် ကစ္စည်းကျမ်း၌ကား ကတ္တာဟူသော အရာ၌ တွာပစ္စည်းကို ကတ္တားအနက်၌ စီရင်၏ ပါဏိနီကျမ်းနံပါတ် ၅၅၃။

(၁၂၀) ၌ ဋီကာကျော်ဆရာသည် ဗာဟိရတ္ထဖြစ်သော ဝိဘတ်၏ အနက်

မျှဖြစ်သော ဟိတ်အနက်ကိုဆိုသည်မဟုတ် ပါဏိနီစသော ဗျာကရဏ်းကျမ်း တို့နှင့် အညီ ဓာတ်အနက်ဖြစ်သော ဟိတ်အနက်ကိုပင် ဆိုကြောင်း သင့်မြတ်သည် ၎င်းဋီကာ ၁၃၀ မျက်နှာနံပါတ်၌ ဆိုသောအရာ၌ အာဝဇ္ဇနံ ဘဝင်္သ အနန္တရ ပစ္စယေန ပစ္စယော ဟု ဟောခြင်းသည် အာဝဇ္ဇန်းသည် များသောအားဖြင့် ကုသိုလ် အကုသိုလ်အား အနန္တရပစ္စည်း တတ်သောကြောင့် မဟောသည် ဋီကာသစ်မျက်နှာနံပါတ် ၁၄၂ ၌ စကားကို မမှတ်လင့် အကြောင်းကား ၎င်းဋီကာသစ်ဆရာ ရှေး၌ တဒါရမ္မဏဝါရ စသည်တို့၏ အစွမ်းဖြင့် လေးဝါရ မသင့်ကြောင်းကို ဆိုပြီးလျှင် တဖန်မရသင့်ကြောင်းကို ဆိုခြင်းကြောင့် ရှေ့နောက်မညီသောကြောင့်၎င်း ဘိုးတော်လက်ထက် ဗားကရာဆရာတော်၏ဆရာ ရေးသားသော သုစိတ္တာလင်္ကာရကျမ်း၌ အတိတဘင်္ဂဝါရ အပြားကို ဆိုခြင်းကြောင့် ၎င်းတည်း မြို့ပြင်ကြီးဆရာတော် လည်း ရှေးဆရာတို့အတိုင်း ဆုံးဖြတ်တော်မူ၏။

(၁၂၁) ဋီကာကျော် ဟိတ်ကို ယေဘုယျ အားဖြင့်ဆို၏ဟု ယူလျှင် တော်သေး၏ ယေဘုယျမယူခဲ့လျှင် ဋီကာသစ်ဆရာဆိုတိုင်း အများပင် ဖြစ်၏။

(၁၂၂) ဋီကာကျော်ဆရာ မုတ္တာဝလိ အဘိဓာန်တို့၌လာသည်နှင့် အညီ သံသဓာတ်သည် ကျစ်ဆိတဗ္ဗအနက်ဟောရှိသည်၏အဖြစ်ကို သိစေခြင်းငှါ ပသံသိတဗ္ဗာ ဖွင့်သည် ချီးမွမ်းခြင်းအနက်ဟော မယူနှင့်။ ထို့ကြောင့် ကျစ်ဆိတဗ္ဗောတိ ဝုတ္တံ ဟောတိ ဟုဆို၏။ လယ်တီဋီကာမျက်နှာနံပါတ် ၁၅၁ ၌ ကုန်ဒြိယဘာဝနာသုကို ပနာမံ၊ နှလုံးသက်ခြင်းသည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ ဟု အနက်ယောဇနာလို၏ အများပင်တည်း။ အမှန်အနက်ယောဇနာမူကား ပနာမံ၊ နှစ်သက်ဘွယ်သော အာရုံရှိသည်။ ဥပပဇ္ဇတိ၊ ဖြစ်ရအံ့ဟု အနက် ယောဇနာရမည်။ ကျုန်ဒြိယဘာဝနာသုတ် အဋ္ဌကထာ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၎င်းအဋ္ဌကထာတို့နှင့်ညီ၏။

(၁၂၃) လယ်တီဆရာသည် ကျုန်ဒြိယဘာဝနာကို အဓိပ္ပါယ်အယူလွဲသော

ကြောင့် ပယ်သောအရာဌာနဖြစ်သည်။ သင်္ဂဟဆရာ ဋီကာကျော်ဆရာ အဋ္ဌကထာဆရာကြီးတို့ဆိုတိုင်းသာမှတ်။

(၁၂၄) ပဥ္စာဝါရဋ္ဌ ကုသိုလ် အကုသိုလ်အား အာရမ္မဏာပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ဟောရာ၌ တဒါရုံရသင့်လျက် ကုသိုလ်ချင်းချင်း ကျေးဇူးပြုသောအရာဖြစ်၍ မဟောသော အရာ ရှိခြင်းကြောင့်ဂုဏ်း လယ်တီဋီကာမှား၏ ဋီကာကျော်သင့်လျော်၏ နစ အရဟာ စသည်ဖြင့် တက်သော လယ်တီဋီကာ၌ ဋီကာကျော်ဆရာသည် မနောဒ္ဓါရ ပရိတ္တာရုံကို ရည်၍ ဆိုသော သောကြောင့် လယ်တီဋီကာမှား၏။

(၁၂၅) မူလဋီကာနှင့်အညီ စပ်သောဟိတ်ဖြစ်၍ အသင့်ပင် လယ်တီဋီကာ၌ ကာမာဝစရ ဇဝနာ ဇော ဝိပ္ပန္နတ္တာဟုစပ်သော ဟိတ်မသင့် အကြောင်းကား လောကီတရားတို့၌ တုန်လှုပ်သော ကာမတဏှာ ရူပတဏှာ ဟုဆိုအပ်သော ဇဝမည်သော တဏှာရှိသည်၏အဖြစ်ကြောင့် ဂုဏ်းလောကီတရားတို့ကို အရူပကား အာနဉ္ဇာဘိသင်္ခါရဖြစ်၍ မတုန်မလှုပ် ဟု ဆိုသင့်၏။

၁၂၆၊ ၁၂၇၊ ၁၂၈ တို့၌ ဋီကာသစ်ဆရာသည် သမ္မောအဋ္ဌကထာ ၁၃၃ နံပါတ်၌ အဓိပ္ပါယ် အယူလွဲ၍ ပယ်သောကြောင့် ဋီကာကျော်အတိုင်းသင့်၏။ ဂုဏ်းဋီကာကျော်ဆရာ သမ္မောအဋ္ဌကထာ ၁၃ ယထာ ပနေတာနိ ဇောဒသ တဒါရမ္မဏ စိတ္တာနိ စသော စကားနှင့် အညီရေး၏။ ဂုဏ်းအဋ္ဌကထာ ကိ ဝါ ဣမာယ ယုတ္တိကထာဟူသော စကားသည် အကျိုးမေးစကား အဋ္ဌကထာ ယဉ်ဟု တက်သော စကားကား အကျိုးပြစကား အသေအချာသိလိုလျှင် သိဟဋ္ဌသမ္မော ယောဇနာကို ရှု လယ်တီဋီကာဆိုအပ်ပြီးသော စကားတို့ကို ပယ်၏ဟု ထင်၏ ထင်သောကြောင့်မှားရှာလေ၏။

(၁၂၉) ၌ လယ်တီဋီကာဆိုသော စကားသည် ဋီကာကျော်စကားနှင့် အထူးအချားမရှိသောကြောင့် ဋီကာကျော်စကားအတိုင်း အသင့်ပင်မှတ် လယ်တီဋီကာ ပယ်လိုလှသော ဆန္ဒကြီးလှ၍ ဣဒံ ပန တတ္ထဋ္ဌတ္တာပိ၌ ပိသဒ္ဒါကို

ချထား၍ ပယ်၏ ပယ်သော်လည်း နိရတ္ထကအကျိုးမရှိဖြစ်၏ ပိသဒ္ဒါဖြင့် ကေစိဝါဒလာသော အဓိပ္ပါယ်ကို ပေါင်းသည်။

ဝိထိပိုင်း စီစစ်ချက်ပြီး၏။

ဘုံပိုင်း စီစစ်ချက်

(၁၃၀) လယ်တီဋီကာဆရာသည် တဒါသန္နတာယ စသော စကားဖြင့် ဋီကာကျော်ဆရာ အတိတ်စုတိကိုယူသည်ထင်၏။ ထင်သော်လည်း ဧဝယတ္ထာ-ဝုတ္တာနယေန ဝိထိစိတ္တာဝသေန ပဝတ္တိယံ (လ) ဥဒိရိတော ဟူသော စကားဖြင့် ရှေးအတိတ်စုတိကို ဝိထိပိုင်းဖြင့် ပြခြင်းကို ဆိုသောကြောင့် ထင်တိုင်းမဟုတ် သို့အတွက် ဋီကာကျော်အတိုင်း သင့်၏။ ပစ္စုပ္ပန်စုတိကိုပင် တဘာဝတည်းဖြစ်၍ ပဋိသန္ဓေနှင့် နီးသည်ဟု ဋီကာကျော်ဆရာဆိုသည်။

(၁၃၁) ၌ ဥပဃာတက ဥပစ္ဆေဒက ပုဗ္ဗကန္တိ ဟူသောဝါကျ၌ ဥပဃာတက ကံသည် ဖြစ်ခြင်းရှေးရှိသည်ဖြစ်၍။ ဝိပါကံ၊ ကို။ ဇနေတိ၊ ၏။ ရှေးဝါကျသို့ ပြန်၍ စပ်ရမည် အဘယ်ကြောင့် ပြန်၍စပ်ရကြောင်းသိသနည်းဟူမူ ဋီကာကျော်ဆရာပင် ရှေး၌ တဿ ဝိပါကံ ပဋိဗာဟေတွာ သယံဝါ ပါကေ နပ္ပ-ကမ္မံ ဥပဃာတ ကံနာမ ဟုဆိုခြင်းကြောင့်သိသည်။ ထို့ကြောင့် ဋီကာကျော် စကားသင့်၏။ လယ်တီဋီကာ ဥပဃာတက ကံသည် ဥပစ္ဆေဒက ပုဗ္ဗကံ ရှေးရှိ၏ ဟု အနက်ပေး၍ ပယ်၏မသင့်။

(၁၃၂) ဝယ် လယ်တီဋီကာ ပယ်ရာ၌ကား ဋီကာကျော်ဆရာသည်လည်း မနှစ်သက်သောကြောင့် အပရေဝါဒဟုဆို၏။ ဤဒံ တာဝ အဋ္ဌကထာ သန္နိဋ္ဌာနံ ဟုဆိုအပ်သော ဋီကာကျော်စကား၌ အင်္ဂါတို့ရ အဋ္ဌကထာမှတ်။

(၁၃၃) ၌ လယ်တီဋီကာဆရာဆိုတိုင်း သင့်လျော်၏။ အာသန္နကံ အာစိဏ္ဏကံ နှစ်ပါးတို့တွင် အားရှိသောကံက အရင်အကျိုးပေးသည် အမြဲမရှိ

လယ်တီဋီကာကား ဂရုကနည်းပြုသည်။ ဋီကာကျော်ကား လဟုကနည်း ပြုသည်။ ဤမျှသာထူးသည် အပြစ်မဆိုသင့် အပရာပရိဟု သင်္ဂဟ၌ရှိသည့် အတိုင်း အဂုံတို့၏ အဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ရှိ၏။ ထို့ကြောင့် သင်္ဂဟ၌ရှိသော ပါဌ်ကို မသင့်ဟု လယ်တီဋီကာမဆိုသင့် ပါဌ်သုံးထွေရှိ၏ဟု ဆိုသင့်၏။

(၁၃၄ ၁၃၅) ပယ်ရာမှာ အထူးမပြော အပရေ ဒိဋ္ဌဓမ္မတော ဟူသော ဝါကျ၌ ခင်မကန်ဆရာယူသည့်အတိုင်း ဒိဋ္ဌဓမ္မတော ဟူသောပါဌ်ဖြင့် ပစ္စက္ခဘဝ အနာဂါတ် ဖြစ်သော အနန္တရဘဝ ၂-ပါးကိုယူ ဋီကာကျော်၌ တတ္ထပဋိပက္ခေဟိ နဟိဘူတတာယ စသော ဝါကျကို မဟာဋီကာနှင့်အညီဆိုသည်။ ဒိဋ္ဌဓမ္မဟူသည် အကျိုးနည်းနည်း ပေးသည်ဖြစ်စေ များများပေးသည်ဖြစ်စေ ဗလဝချည်းသာ မှတ် အဂုံတို့၏ အဋ္ဌကထာ ဥပမာ ဥဒါဟရဏ်တို့ကိုထောက်၍ အားကြိုးကြောင်း သလေ။

(၁၃၆ ၁၃၇ ၁၃၈) တို့၌ လယ်တီဋီကာအတိုင်းပင် သင့်သည်။ ဋီကာ ကျော်မသင့်။

(၁၃၉) ၌ သင်္ဂဟ၌ ကမ္မသဒ္ဒါ မပါဘဲ ကာယဒွါရံ ဟူ၍သာ ဆိုငြား သော်လည်း ဋီကာကျော်သည် ကံနှင့် ဒွါရ မကင်းရာ မကင်းကြောင်း ကမ္မသဒ္ဒါ ထည့်စွက်၍ ဖွင့်သည်။ တနည်းကား ကာယဒွါရဟု သင်္ဂဟ၌ဆိုလျက် အကျဉ်းချုံးသော ကျမ်းဖြစ်၍ ကမ္မသဒ္ဒါကို ချေ၍ဆိုသည်ဟု သိစေခြင်းငှါ ကမ္မသဒ္ဒါကိုထည့်၍ ဖွင့်သည်။ ထို့ကြောင့် ဋီကာကျော်အတိုင်းပင် သင့်၏ဟု မှတ်။

(၁၄၀) ၌ ဗာဟုလ္လသဒ္ဒါမထည့်လျှင် စောဒနာရာရှိ၍ စောဒကအာဘော်ကို ပြလို၍ဆိုသည်။ ထို့ကြောင့် မပယ်သင့်။

(၁၄၁) ၌ ဋီကာကျော်ဆရာ အဋ္ဌသာလိနီဒွါရကထာလာသော စကား တွေကို အကျဉ်းချုံး၍ဆိုသည်။ ထို့ကြောင့် ဋီကာကျော်အတိုင်း သင့်၏။

လယ်တီဋီကာကား ဓမ္မသင်္ဂဏီဋ္ဌ မပါသောကြောင့် ဓမ္မကထိကော ဗျဥ္ဇန-နစ္ဆာယာယ အတ္ထံ ပဋိသေစေတိ ဟူသည်နှင့်အညီ အနက်မှန်ပုံကို တားမြစ်၏။

(၁၄၂) လယ်တီဋီကာ အတိုင်းပင်သင့်၏။

(၁၄၃) သင်္ဂဟပါဋ္ဌ ပျက်၍နေသည် သေသာနိစတ္တာရိပိတိဟိ မူလေဟိ ဘဝန္တိရှိမှ မှန်သည်။ သိဟဋ္ဌ သင်္ဂဟပါဋ္ဌ တိဟိမူလေဟိ ရှိသည်။ သိဟဋ္ဌ ဋီကာပါဋ္ဌလည်း တိဟိမူလေဟိ (လ) သံ ဘဝန္တိဟု ထည့်၍ဖွင့်သည်။ သစ္စသံခိပ် ဋီကာဋ္ဌ ဒွိဟိ ဟု ရှိသောပါဋ္ဌသည် ပါဋ္ဌပျက်ဟုဆိုသည်။ ထို့ကြောင့် ယခု မြန်မာနိုင်ငံဋ္ဌရှိသော ဋီကာကျော်ဋ္ဌ တိဟိဟုရှိမှသင့်၏ နောက်ဆရာကြီးများ၏ ပြင်ကြသောကြောင့်ပင် ဒွိဟိဟုပါဋ္ဌပျက်၍နေသည်။ တိဟိဟုရှိက ဋီကာကျော်ဆရာတည်ဖွင့်ခြင်းသည် အသင့်ပင်တည်း။ လယ်တီဋီကာပါဋ္ဌပျက်နေသည်ကို မရှုမျှော်အပြစ်တင်ဘို့သာ ရှုမြော်၏။

(၁၄၅) ဋ္ဌ အဘိညာဏ်ဟူသည် သမာပတ် အာနိသင်မျှသာဖြစ်သည်။ ပဝတ္တိအကျိုးကိုမပေး ဤအရာဋ္ဌ ပဝတ္တိအကျိုး ပဋိသန္ဓေအကျိုးကို ပေးသော ရူပါဝစရကို ဆိုသော အရာဋ္ဌာနဖြစ်၍ အဘိညာဏ်ဋ္ဌ လင်းပါးဘွယ်မရှိ ရူပါဝစရကံ ကမ္မ ပနာဟံ ကသိဏာတိ ကမ္မာ ရမ္မဏ မနောဒ္ဓါရေ ပဝတ္တိဟူသော နာမရူပ ပရိစ္ဆေဒဂါထာနှင့်လည်း ညီ၏။ ထို့ကြောင့် ဋီကာကျော် အသင့်ပင်မှတ်။

(၁၄၅) နာမရူပ ပရိစ္ဆေဒဋ္ဌ အပ္ပနာ ဘာဝနာယံ၊ သင်္ဂဟဋ္ဌ အပ္ပနာပတ္တံဟု ဆိုသည် အားလျော်စွာ အပ္ပနာဘာဝနာဖြင့် ပြီး၏ အပ္ပနာသို့ရောက်၏ဟု ဆို၏။ ကာမာဝစရ ဘာဝနာမဟုတ်ဟူသော အနက်သည်ဖြစ်၍ ဋီကာကျော်ဖွင့်သောကြောင့် ဋီကာကျော်အတိုင်းသင့်လှပေ၏။ အပ္ပနာပတ္တိ၏ အကြောင်းကို လယ်တီပြသော ဟိတ်မဖြစ်နိုင်။ အကြောင်းကား အပ္ပနာသမာဓိသာ အာရုံဋ္ဌ မတုံမလှုပ် သက်ဝင်၍တည်သည် မဟုတ် ကာမာဝစရ သမာဓိလည်း သက်ဝင်၍ တည်သည်ပင်တည်း။

(၁၄၆) ၌ အဌသာလိနီ မောဟမူဒ္ဓေ အဖွင့်နှင့်ညီသောကြောင့် ဋီကာကျော်ဆိုတိုင်းသင့်၏။

(၁၄၇) အဌကထာ၌ သာမညပင်ဆိုသောကြောင့် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကိုပေးသော အရာ၌ဆိုသင့်၏ဟု နှလုံးသွင်း၍ ဋီကာကျော်ဆရာတို့၏ လယ်တီဋီကာကဲ့သို့ တောင်သူလှေနံ ဒါးထစ် ပဋိသန္ဓေအပြားကို မဖြစ်စေတတ်ဟု မယူလင့် အနုဋီကာ ဋီကာဟောင်းတို့နှင့် ညီသောကြောင့် ဋီကာကျော်သင့်၏။

(၁၄၈) ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကိုပေးသောအရာကို ဆိုသော အရာဖြစ်၍ အရိယာမဂ် စေတနာနှင့် လင်းပါးဘွယ်မရှိ အနုရုဒ္ဓါဆရာ၏ အလိုအားဖြင့် အာဒိကမ္မိက စေတနာ အဘိညာဏ်စေတနာ နှစ်ပါးလုံးပင် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို မပေးဟုဆို၏။ မဟဂ္ဂုတ်ကံသည် ဥပပဇ္ဇ-ဝေဒနီယကံသာတည်းဟု အဂ်ံတို့၏ အဌကထာအဆိုနှင့် လျော်သောကြောင့် အရှင်အနုရုဒ္ဓါဆရာ၏ စကားကို မှားသည်ဟု မဆိုသင့်။

(၁၄၉) ဋီကာကျော်ဆရာသည် ဝဇီရဗုဒ္ဓိဋီကာ သာရတ္ထ ဒီပနီဋီကာတို့ ဆုံးဖြတ်သည်နှင့်အညီ ကာမဘုံ၌ စျာန်ရငြားသော်လည်း သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် စေတော ပဏိဓိရှိက ကာမာဝစရကံကြောင့် ကာမာဝရဘုံ၌ ဖြစ်နိုင်ကြောင်းကို ရေးသည်။ လယ်တီဋီကာဆရာသည် ပဋိသမ္ဘိဒါမဂ်ကို အားထား၍ဆိုသော်လည်း ပဋိသမ္ဘိဒါမဂ်အဌကထာနှင့် မညီသိလိုလျှင် ကြည့်ရှုလေ။

(၁၅၀) ဋီကာကျော်သည် အလျှင်းမဖြစ်ဟုဆိုသည်မဟုတ်။ ထို့ကြောင့် ကေသဥိသဒ္ဒါကို ထားသည်။ ထို့ကြောင့် အသင့်ပင်ဖြစ်သည်။ ၎င်းစကားကို ဋီကာကျော်ဆရာသည် နတ်များလူများကဲ့သို့ လုလွယ်ယောဂဖြင့် မသေဟု ပြဆိုလိုသည်။

(၁၅၁) ၌ လယ်တီဋီကာကဲ့သို့ ယူမည်စိုးသောကြောင့် အဖေဂ္ဂါသာရ ဒီပနီ ဆရာသည် ဒိဋ္ဌော သာဂရော ယဿာတိ ဒိဋ္ဌသာဂရောဟူသော ပုဒ်ကဲ့သို့ စုတိသခ်ါတံ ပရိယောသာနံ ဧတေသန္တိ ပရိယောသာနာနိဟု ဖေဂ္ဂါဏသမာသ် ပြု၍ ရုပ်နာမ်တရားတို့သည် စုတိကို လွတ်၍ကြွင်းသော မရဏသန္ဓ ဝိထိစိတ် တို့၏ အာရုံကား ကမ္မနိမိတ် ဂတိနိမိတ်ပင်တည်းဟု ယူ၏။ သမာသ်ပုဒ်၏ အရဖြစ်သော စုတိအာရုံကမ္မနိမိတ်စသည်ပင်တည်း။

(၁၅၂) အကြောင်း၌ အနုမစ္ဆိန္နကိလေသာ မလဝိဏာမိကံ ဟူသော သမ္မောအဋ္ဌကထာစကားကို လယ်တီဆရာသဘောမကျ၍ ပယ်၏။ ဋီကာကျော် ဆရာစကားသည်ဂင်း အဋ္ဌကထာ၏အဓိပ္ပါယ်နှင့်ဂင်း ဂင်းအဖွင့်ဖြစ်သော မူလဋီကာနှင့်ဂင်း ညီ၏ မဟာဋီကာနှင့်လည်း ညီ၏ ထို့ကြောင့်သင့်၏။

(၁၅၃) ၌ နိမိတ်လည်းမကင်း စိတ်အစဉ်လည်းမပြတ်သည်ကို ဋီကာကျော် သည် ယေဘုယျသဒ္ဒါဖြင့် မ သည် နိမိတ်ကင်းသည်ကား စိတ်အစဉ် မပြတ်ခြင်း ကြောင့်တည်း။ စိတ်အစဉ်မပြတ်ခြင်းသည်လည်း နိမိတ်ကင်းခြင်းကြောင့် တည်း။ ဤအရာ အကယ်၍ လယ်တီဋီကာကဲ့သို့ လင်းပါးဘွယ်မရှိဟု ယူလျှင် သင်္ကာပကိဏ်းပိုင်း ယေဘုယျန ဘဝန္တရေ ဆဒ္ဒါရဂဟိတံ ဟူသော စကား၌ ယေဘုယျသဒ္ဒါပျက်၍ ဖြစ်စရာရှိတော့သည်။ ၎င်းပကိဏ်းပိုင်းစကား၌လည်း ဆဒ္ဒါရဂဟိတံဟုဆိုသောကြောင့် အသညသတ်နှင့် လင်းပါးဘွယ်မရှိသော ကြောင့် ယေဘုယျသဒ္ဒါဆည့်စရာ မရှိသလို ဖြစ်ခဲ့သည်။ ထို့ကြောင့် ဋီကာကျော် အတိုင်းပင်သင့်၏။

(၁၅၄) ဋီကာကျော် သေနာသနံဟူသော ပုဒ်ကို တဒါရုံအဆုံး ဝိထိစိတ် ရှိသော သတ္တဝါမှတပါးသော သတ္တဝါတို့အား အနက်ယောဇနာမှု ဓမ္မာနုသရဏီ စကားသည် အဋ္ဌကထာကြီးဖြစ်သော သမ္မောဝိသုဒ္ဓိမဂ်နှင့် ညီမည်။ သည်မှ တပါးအနက်ကား မညီ။ လယ်တီဋီကာဆိုတိုင်း ပမာဏမပြုလောက်သော စကားသည် ဖြစ်၏။ လယ်တီဋီကာမျက်နှာနံပါတ် ၂၅၆ ၌ – ဘဝင်္ဂယေဝါ

ဟူသောစကား၌ တေရသမစိတ္တမေဝဟုဆို၏ သင်္ဂဟဆရာသည် သေသည်၏ အရာ၌ ဝိထိစိတ် အဆုံးတည့်တည့်၌ မသေနိုင်ဟု နှလုံးပြု၍ ဤဘဝင်္ဂယေဝါ ဟူသော စကားကိုဆို၏။

(၁၅၅၊ ၁၅၆) တို့၌ ဋီကာကျော်ဆရာသည် ဝိဘင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ အတိုင်းပေတည်း။

(၁၅၇) ဋီကာကျော် အတ္တနောမတိဖြင့် မရေး သစ္စသံခိပ်ဋီကာသစ်နှင့် အညီရေးသည်။

(၁၅၈) ၌ သမ္မော ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့နှင့်အညီရေး၏ စီစစ်၍ ရ မရကို မဆို ဒုဋ္ဌဂါမဏိမင်းအား ကမ္မနိမိတ်ထင်သည်။ ရထား ခြောက်စင်း တို့ကား ကမ္မနိမိတ်၏ အာနုဘော်ကြောင့်ထင်သည်။ ရထားခြောက်စင်း တည်းဟူသော ဂတိနိမိတ်ထင်သည်မဟုတ် အကြောင်းကား နိမိတ်သုံးပါးတို့တွင် တပါးပါးသာ ထင်သည် သုံးပါးလုံးမထင်ခြင်းကြောင့်တည်း။

(၁၅၉) လယ်တီဋီကာပယ်ခြင်းသည် မဓုဋီကာနှင့်ညီ၏ တံ သဒိသဥ္စ၌ စသဒ္ဒါကား အနုဋီကာ မဟာဋီကာ ဋီကာကျော် သခေါ်ပဋီကာတို့၏ ဆရာ လက်ထက်၌ မရှိ။ ထို့ကြောင့် ထိုဆရာတို့သည် တဝါကျတည်းဖွင့်ကုန်၏။ မဟာဋီကာကား တံ သဒိသံ ဟု ရှိ၏။ ၎င်းစသဒ္ဒါသည် ဓမ္မစေတီမင်း၏ဆရာ ဖြစ်သော မဓုဋီကာ လက်ထက်၌ ရှိဟန်ရှိ၏။ ထို့ကြောင့် မဓုဋီကာဆရာ နှစ်ဝါကျယူ၍ ဖွင့်သည်။

(၁၆၀) ၌ ဋီကာကျော်ဆရာသည် စုတိနောင် ဥပစာရ ဈာနဿ ဗလဝ-ဘာဝတော ဟုဆိုသကဲ့သို့ အရူပါဝစရစုတိနောင် ဗလဝ သဒ္ဒါဖြင့် မဆို။ ထို့ကြောင့် ဥပစာရ ဈာန်ကို ဗလဝ ဒုဗ္ဗလ နှစ်ပါးခွဲ၍ ဒုဗ္ဗလ ဥပစာရဈာန်ကြောင့် ဒွိဟိတ် ပဋိသန္ဓေ နေနိုင်ကြောင်းကိုသိရသည်။ ၎င်းဥပစာရ ဈာန်သည်လည်း ဈာနဝိထိ မရောက်ခင် ဈာနဝီထိ၏ ရှေးအဘို့၌ တိဟိတ်ဥက္ကဋ္ဌ

တိဟိတ်သြမက နှစ်ပါးပင်ဖြစ်သည်။ စျာနဝီထိ၏ အဖွင့်၌ ဥပစာရစျာန်ကား တိဟိတ်ဥက္ကဋ္ဌသာတည်း။ ထို့ကြောင့် ဋီကာကျော်အတိုင်းသာသင့်သည်။ သုတ်ပါထေယျ ပါဋိတော်၌ ကမ္ဘာဦးသူ သတ္တဝါတို့သည် ပီတိဘက္ခ ပီတိအာဟာရ သယံ ပစာ အန္တလိက္ခစရ မြေရှိုးမိုးပြန်နိုင်သော တံခိုး ဣဒ္ဓိပါဌ်နှင့် ပြည့်စုံ ကုန်၏။ ထိုအလုံးစုံသည် ဥပစာရ စေတနာကြောင့်သာဖြစ်သည်ဟု ၎င်း အဋ္ဌကထာဋီကာတို့ဖွင့်ကုန်၏။ လယ်တီဋီကာကဲ့သို့ ယူလျှင် ကမ္ဘာဦးသားတို့သည် တိဟိတ်ချည်းသာ ဖြစ်ကုန်၏။ တိဟိတ်ချည်းလည်းမဖြစ်နိုင်ရာ အချို့ဒွိဟိတ် အချို့တိဟိတ်ဖြစ်ကုန်ရာ၏။ ထို့ကြောင့် ဋီကာကျော်စကား ၎င်းအဋ္ဌကထာ ဋီကာတို့နှင့်ညီကုန်၏။ ၎င်းအရာဝယ် ဋီကာကျော်၌ ဥပစာရ ဘာဝေန ဟူသော စကား၌ပါသော ဧဝသဒ္ဒါဖြင့် လယ်တီကဲ့သို့ တောင်တောင် မြောက်မြောက် ကြံခြင်းများကို ပယ်ရမည်။

(၁၆၁) ၌ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဟူသော ပုဒ်တို့ကို ကရဏသာဓန ပြုသောအခါ အရဟတ္တမဂ် အဓိကရဏသာဓ် ပြုသောအခါ နိဗ္ဗာန်ကို အရကောက်သကဲ့သို့ ဤဝတ္ထုမူလ သမ္ပတ္တိတ္ထောတိမူလသမ္ပန္နေဟု အဓိကရဏသာဓ်ပြု၍ ခန္ဓနိဗ္ဗာန်ကို အရကောက် ဋီကာကျော်အတိုင်း သင့်၏။

ဘုံပိုင်းစီစစ်ချက် ပြီး၏။

ရုပ်ပိုင်းစီစစ်ချက်

(၁၆၂) ဋီကာကျော် မဟာဋီကာတို့စကားသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စတုဝဝတ္ထန်၌လာသော စကားနှင့်ညီသောကြောင့် အသင့်ပင်တည်း ရုပ်ကလာပ် ဟူသမျှ ပမာဏအားဖြင့် ပရမာဏုမြူအလားရှိ၏။ ဝိသုဒ္ဓိလက္ခဏာကား အပေါင်းမှထုတ်သော တခုတခုသာတည်း မဟာဋီကာ အပေါင်းအမျိုးအားဖြင့် ကြီး၏။ တခုတခုသော ဓာတ်ကား မကြီး အကြီးအငယ်ပမာဏကို ပထဝီ

အာပေါဓာတ်နှစ်ပါး၌သာရ၏။ သည်မှတပါးရုပ်တို့၏ အကြီးအငယ်ပမာဏမရှိ ပထဝီဓာတ် ပမာဏ တစိတ်ရှိ၏။ အပေါင်းဓာတ်သည် ပထဝီဓာတ်၏ ပမာဏ ရှိ၏။

(၁၆၃) ၌ ဝိသုဒ္ဓိမဂ် အဋ္ဌကထာလိနီတို့ကို ကြည့်၍ မရေး အဘိဓမ္မာဝတာရ အဋ္ဌကထာကို ကြည့်၍ ရေးသောကြောင့်ဂင်း ဂင်းအဋ္ဌကထာနှင့်သာ ညီနိုင်မည် သာဓက ဂါထာကို ရှု၍ အဘိဓမ္မာ ဝတာရ အဋ္ဌကထာဟုသိလေ။ ဂင်းနောက် နယုဇ္ဇတိပယ်ချက်၌ လယ်တီပယ်သောစာ၌ သံဝဏ္ဏေတဗ္ဗသဂ်ဟ အတိုင်း မရှိသော်လည်း ဥပါဒါရူပံ ဟု ဋီကာကျော်ပါ၌ ရှိသောကြောင့် ပယ်ကျိုးမနပ်။

(၁၆၄) ၌ လိင်္သဒ္ဒါ အဂိဇာတ်ဟောရှိ၏ ပါဠိအဋ္ဌကထာတို့၌ မရှိသော်လည်း လိင်္အမည်၏ အဂိဇာတ်ဖြစ်သည်၏အဖြစ်ကို ကလေးသူငယ်တိုင်းပင်သိကြ၏။ လိင်္ထာဒိ သဏ္ဌာနံဟု အဋ္ဌကထာချိုး၍ဆိုသော စကား၌ သဏ္ဌာန် ဟူသော စကား၌ အဂိဇာတ်ပင်ဖြစ်၏။

(၁၆၅၊ ၁၆၆) ပယ်ချက်တို့၌ အဋ္ဌကထာတို့နှင့် မညီသည်၏အဖြစ်ကို ဋီကာကျော်အသင့်ပင်သိလျက် မဟာဋီကာ၌ လာသော အပရော နယော အရ လောက၌ ထင်ရှား သိလွယ်သောကြောင့် ရေးသားသော အရာဌာနဖြစ်၍ ဂင်း ၁၆၅၊ ၁၆၆ စကားတို့ဖြင့် အဋ္ဌကထာနှင့် မညီဟု မပယ်သင့်။

(၁၆၇) ဋီကာကျော်ကို ကိုးကားသော ပါဠိတော် အဆုံးပစ္စယောတိ၌ ဣတိသဒ္ဒါကို အာဒိအနက်ဟောယူ၍ ပဋ္ဌာန်းတကျမ်းလုံး၌ ဟဒယဝတ္ထုနှင့် ဆိုင်သမျှစကားကိုယူရမည်။ ထိုသို့ အာဒိအနက်ယူရမည်အဖြစ်ကို မဟာဋီကာ၌ အာဒိသဒ္ဒါဖြင့် တိုက်ရိုက်ဆိုသောကြောင့် သိလေ။ ဂင်းဋီကာကျော်လည်း မဟာဋီကာအတိုင်း လင်းပါးပုံကို အကျဉ်းချုံး၍ရေးသည်။ ထို့ကြောင့် လယ်တီဋီကာကိုးကားသော ပဋ္ဌာန်းပါဠိတော်လည်း ဋီကာကျော်စကား အပါအဝင်မှတ်။

(၁၆၈) လယ်တီဆရာသည် ခဏမတ္တံ ဌာယိနံ ဟူသော စကားမျှကို ကြည့်၍

သဟဇာတာနံ ပဝတ္တိဟေတုဘာဝေနေဝ ဟူသော စကားကို မရှုဘဲ ပယ်၏။ ၎င်းသဟဇာတာနံ ပဝတ္တိဟေတု ဘာဝေနေဝ ဟူသော စကားဖြင့် အစင်မပြတ်ခြင်းကိုပင် ဋီကာကျော်ဆိုသည်မှတ်။ ဆိုကြောင်းကို နဟိ တေသံ ကမ္မံယေဝ-ဌိတိ ကာရဏံ ဟောတိကိုမြင်သဖြင့် သိလေ။ ဇီဝိတိန္ဒြေအဖွင့်၌ သစ္စသံခိပ် ဋီကာဟောင်းကောင်း၏။ လယ်တီဋီကာ မျက်နှာနံပါတ် ၂၃၄ ဒုပါဌောဟု ဆိုရာ၌ သာရသဒ္ဒါ ဘုဿသဒ္ဒါအဿာဒ သဒ္ဒါတို့သည် ပရိယာယ်ဖြစ်သော ကြောင့် ဒုပါဌောဟုမဆိုသင့် ဋီကာကျော်စကား သစ္စသံခိပ် ဋီကာဟောင်းနှင့် ညီ၏။ လယ်တီစကား မဟာဋီကာနှင့် ညီ၏။ အနုဋီကာမူလဋီကာတို့၌ ရသအဿာဒ သခ်ါတဟုရှိ၏။ ရသာဟရဏသခ်ါတ ဟုဆိုသော်လည်း အနှစ်ဖြစ်သော ရသဓာတ်ကိုပင်ယူရမည် သိနေဟဘူတာကိုထောက်။

(၁၆၉) သစ္စသံခိပ် ဋီကာသစ်ဆရာသည် နနိစ္စော အနိစ္စော ဟူသော ဝစနတ္ထလောက၌ နေလအသွင် ပေါ်လွင်ထင်ရှားလွယ်သော စကားဖြစ်၍ ခဲခက်သော ဝစနတ္ထကိုပြလို၍ နဣစ္ဆံ အနုပဂန္တဗ္ဗံ ဟူသောစကားကို ဆိုသည် သစ္စသံခိပ် အတိုင်း ဋီကာကျော်ကူး၍ ရေးသည်။

(၁၇၀) ၌ ဋီကာကျော်စကားသည် ဓမ္မသင်္ဂဏီပါဋ္ဌိတော် ၎င်းအဌကထာ ဝိသုဒ္ဓိမဂ်အဌကထာ မူလဋီကာတို့နှင့် ညီ၏။ ဧကကဥဒ္ဒေသ၌ ဧဝသဒ္ဒါမပါ ဧကနိဒ္ဒေသ၌ သာဧဝသဒ္ဒါပါသည်။ သင်္ဂဟ၌ သဗ္ဗဥပနေတံ စသော စကားကို ရူပဝိဘာဂဟူ၍မှတ်။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဋ္ဌိတော်နှင့် ညီမှန်းသိစေ။ သင်္ဂဟ၌လာသော သမုဒ္ဒေသ ဝိဘာဂါစ ဟူသောဂါထာ၌ အကျဉ်းဆိုခဲ့သည်နှင့် အညီ အစင်အတိုင်း ရူပသမုဒ္ဒေသ အဆုံး၌ ဆိုသော စကားဖြစ်၍ သဗ္ဗဥပနေတံ ဟူသော စကားကို ရူပဝိဘာဂဟူ၍ ထင်ရှားသိအပ်၏။ ထို့ကြောင့် ဋီကာကျော်အတိုင်း သင့်မြတ်၏။ သင်္ဂဟ၌ ပါဋ္ဌိတော်လာတိုင်း အစင်မထားမူ၍ ဝိသုဒ္ဓိမဂ်အဌကထာလာတိုင်း အစင်ထားသည်။ ဝိသုဒ္ဓိမဂ်၌ ပါဋ္ဌိတော်လာတိုင်း အစင်မထားခြင်းသည်လည်း ဧကကနည်းဟူသည် တပုဒ်တပုဒ် အကုန်သိမ်းကြုံး၍

မရသောကြောင့် အစင်ကို ဘယ်လိုထားထား အဓိပ္ပါယ် မပျက်သောကြောင့် ထားသည်။

ဒုတိယ (၁၇၀) ဋီကာကျော်စကားသည် အဋ္ဌသာလိနီ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ တို့နှင့်ဂုဏ်း အဇ္ဈတ္တိက ကာယာယတန ၆ ပါး အဇ္ဈတ္တိက ဟု မဟောမူ၍ အဇ္ဈတ္တ ဟူ၍သာ ဟောသောကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် ၎င်းညီ၏။ ထို့ကြောင့် ဋီကာကျော်အတိုင်းသင့်၏။

(၁၇၁) ၌ ဋီကာကျော်သည် ဋီကာဟောင်းနှင့် ညီ၏။ နာမရူပ ပရိစ္ဆေဒ၌ လာသော အရှင် အနုရုဒ္ဓါ အလိုလည်းကျ၏။ ထို့ကြောင့် ဋီကာကျော်အတိုင်း သင့်၏။

(၁၇၂) ၌ ဘုတ်ချင်း ထိခိုက်သည်ကို သပ္ပဋိဃမဆို အာရုံနှင့် ပသာဒ ထိခိုက် သည်ကို သပ္ပဋိဃဆိုသည်။ ဘုတ်ချင်းထိခိုက်ခြင်းကား ဖောဋ္ဌဗ္ဗသဒ္ဒါဖြင့် ပြီး၏။ ပဋိဃမုခဘာဝေါ အညမည ပဒ္ဓနံ ဟု ဋီကာကျော်ဆိုသည်။ မူလ အနုဋီကာ တို့နှင့် အညီဆိုသည်။ မူလဋီကာ၌ ပရိမုခံ ဘာဝ အညမည ပဒ္ဓနံ ဟူသည် ဝိကရဏ ပတ္တိပင်တည်း။ ထို့ကြောင့် ဋီကာကျော်အတိုင်းပင်သင့်၏။

(၁၇၃) ၌ ဋီကာကျော်ဆရာသည် သွားသည်ဟုဆိုသည်မဟုတ် သွားခဲ့သော် ရောက်ရာသော အဖြစ်ကိုဆိုသည်။

(၁၇၄) ၌ အနောကာသတာယ ဟိတ်လိုရင်း. အဘယ့်ကြောင့် ရုပ်ဖြစ်ရာ မဟုတ်သနည်း မေးစရာရှိသောကြောင့် ဟိတ်ကူ ရူပဝိဘာဂ (လ) ဟေတုနောကို ဋီကာကျော်ဆရာသည် ဤရူပ(လ) ဟေတုနော ဟူသော အကြောင်းကိုလည်း အဋ္ဌကထာ၌ အကြောင်းမပြည့်စုံသောကြောင့် ဋီကာကျော်ဆိုသည်။ ထို့ကြောင့် ဋီကာကျော်အတိုင်းသင့်၏။

(၁၇၅) ကူန ဝိသတိ ဝိဘတ္တာဟု မဆိုမူ၍ ကဝိသတိ ဝိဘက်သော အန္တော ဂတ္တာဟု ဆိုသောကြောင့် တခုယုတ်နှစ်ဆယ်လုံးပင် မယူရ။ ၎င်း၌

အတွင်းဝင်သော ၁၅ ကိုသာ ယူရမည်။ ထို့ကြောင့် အပြစ်မရှိ။

(၁၇၆) ၌ ပစ္ဆာဇာတရဟိတံ ဟူ၍သာ မဆိုဘဲ အာဟာရဒီဟိ စ အနုပပ္ပတ္တာဒ္ဒံ ဟူ၍ အဋ္ဌကထာနှင့် ပြန်၍ နှစ်ချက်ကိုဆိုခြင်းကြောင့် တစိတ်တခြမ်းဖြင့် အပြစ်မကောက်သင့်။

(၁၇၇) ၌ အဋ္ဌသာလိနီ၌ ဣရိယာပထအရ သာမညဆိုသည် ဣရိယာပုဒ်ကို ကြည့်ရမည်မဆို။ ထို့ကြောင့် ဋီကာကျော်သည် ဂမဏာဒီဟုဆိုသည်။ ဤအရာ၌ အပ္ပနာဣရိယာပထကို ဝါယောဓာတ်ကိစ္စယူ။ လယ်တီဋီကာကဲ့သို့ ဝိညတ်နှင့် တကွ သွားခြင်းကိုမယူနှင့် ကိုယ်အမူအရာကို သိစေ၍ သွားသောအခါ၌သာ ဝိညတ်ပါသည်။ ပကတိအားဖြင့်သွားသောအခါ ဝိညတ်မပါ။

(၁၇၈) သင်္ဃာ၌ လာသောအစင်ချို့သော်လည်း အဋ္ဌသာလိနီ ဝါကျ မူလဋီကာတို့ကိုမှီ၍ ရေးသောကြောင့် ပါဠိကောင်းပင်။ ၎င်းအဋ္ဌကထာဋီကာ တို့၌ ဋီကာကျော်ဆိုသော အစင်အတိုင်းပင်ရှိသည်။ ဋီကာကျော်၌ ဝက္ခမာနေ-သု ဒ္ဝတ္တိံသ ဝိဓေသု၌ ဝိသေသန စပ်၍ ယောဇနာ။

(၁၈၀) ဋီကာကျော်၌ ဣရိယာပထ ဝိညတ္တိ(လ) အဝိနာ ဘာဝတောဟူသော ဟိတ် အတိဝုတ္တဒေါသရောက်၏။ လယ်တီဋီကာကား အဋ္ဌသာလိနီနှင့် ညီသော ကြောင့် သင့်၏။ ၁၈-သင်္ဃာ၌ ဌိတိပတ္တာဝဟု သာမညဆိုသောကြောင့် ပဋိသန္ဓေစိတ်၏ ဌီသာမယူလင့်။ ပဌမဘင် စသည်တို့၏ ဌီကိုလည်း ယူသင့်သောကြောင့် ဋီကာကျော်ဆရာသည် ဌီသာမညနှင့် ဆက်ဆံသောကြောင့် ပစ္ဆာဇာတာဒိပစ္စယူပတ္ထမ္ဘလာဘေန ဟူသော စကားကိုဆိုသည်။ ဤရုပ်ဖြစ်ကြောင်းကို ဆိုသောအရာဖြစ်၍ ဌီသာမညကို ယူရမည်။ အကြောင်းဖြစ်စင်ကို ရူပ ပဝတ္တိကာ၌သာ ဌီတိကာလ မုပါဒါယ ဝယ် ပဋိသန္ဓေစိတ်၏ ဌီခဏကို ယူရမည်။ အကြောင်းကား ဖြစ်စင်ကို ဆိုသောကြောင့်တည်း။ ထို့ကြောင့် ဋီကာကျော်အတိုင်းသင့်၏။ ပဋိသန္ဓေစိတ်၏ ဌီကိုယူလျှင် မသင့်စရာရှိသည်။ ထိုကဲ့သို့ မယူနှင့်။

(၁၈၁) ၌ သန္ဒေထ ဇာနညွှေဝ ဟူသော ဝါကျကိုထောက်၍ ဋီကာကျော်ဖွင့်သည့်အတိုင်း ပဝတ္တိအခါ၌လည်း ပုဂ္ဂိုလ်အားဖြင့် အထူးပြု၍ဆိုသည်မှတ်ဘုံမှာဖြစ်၏ဟု ဆိုသော်လည်း သတ္တဝါသဏ္ဌာန်မှာဖြစ်နိုင်သောကြောင့် အသင့်ပင်တည်း။ အထူးမှတ်ယူရမည်။ ထို့ကြောင့် ဋီကာကျော် ဋီကာဟောင်းတို့ ဖွင့်ခြင်းသည် အသင့်ပင်တည်း။ မျက်နှာနံပါတ် ၂၇၂ ၌ အကာရဏဟုဆိုရာဝယ် ဣန္ဒြိယ ယမိုက်ကို လယ်တီကိုးသော်လည်း ဣန္ဒြေကား ပဋိသန္ဓေအခါ၌ဖြစ်၏။ ဃာနကား ပဝတ္တိအခါ၌ဖြစ်၏။ ထို့ကြောင့် ဃာနမဖြစ်မီ စုတိပုဂ္ဂိုလ်ကို ယူကောင်းသောကြောင့် ကိုးကားရာမရောက် အာယတန ယမိုက်ပါဋိတော် ပေယျာလ၌ မူလဋီကာ ဋီကာကျော်တို့အလိုအားဖြင့် အာမန္တာ ထွက်ရမည်ဟု မှတ်။ အဌကထာ၌ သေသာနိဃာယန ယမဏေန သဒိသ ဝိသဇ္ဇနတာ ပါဋိနိဟု ဖွင့်၏။ ၎င်းအဌကထာ စကားကို မူလဋီကာ အာမန္တာထွက်သောအကြောင်းကို ဖွင့်သေး၏။ ဃာနမချို့ကောင်းဆိုသော မူလဋီကာ ပါဋိစကားနှင့် ပြ၏။ ချို့ကောင်းသည်ဆိုသော အဌကထာကို ပါဋိနှင့်မပြ။

(၁၈၂) ဋီကာကျော်စကားကို အဌကထာနှင့် မညီဟု ဆိုသင့်သောကြောင့်၊ သတ္တသတ္တဟိရတ္တမှိ ဟူသော အဌကထာ စကား၌ တဆဲ့တသတ္တာဟ မြောက်၌ စက္ခုဒသကစသော ကလာပ် လေးစီးဖြစ်သည်ဟု မဆိုလို အကယ်၍ ဆိုလိုမူ သဏ္ဍာပူရဏ အနက်ရှိသော မ ပစ္စည်းဖြင့် ဧကဒသမေသတ္တာဟေဟု မူလဋီကာ ကဲ့သို့ ဆိုရမည်။ ထိုသို့ မဆိုဘဲ ထို့ကြောင့် ပရိပါက သတ္တာဟ နောက်သတ္တမ-သတ္တာဟမှစ၍ စက္ခုသောတဃာန ဇိဝှါတို့သည် အစင်အတိုင်း (၇၇)ရက် အတွင်း၌ ဖြစ်သည်ကို အဌကထာဆိုသည်ဟုမှတ်။ သမ္မောအဌကထာ ဝိသုဒ္ဓိမဂ် အဌကထာတို့ကိုထောက် ဤကား အဌကထာဆရာတို့အလိုတည်း။ မဟာဋီကာ၌လည်း ၎င်းပသာဒလေးပါးတို့ အစင်အတိုင်းဖြစ်သည်ဟုဖွင့်သည်။ ထို့ကြောင့် ဋီကာကျော်အတိုင်းသင့်သည်ဟုမှတ်။ ထိုသို့ ၁၈၂ ပယ်ချက်၌ ဋီကာကျော်အတိုင်းသင့်က ၎င်းပယ်ချက်စကားနှင့် မကင်းရာ မကင်း ကြောင်းဖြင့် . . . . .

၁၈၃၊ ၁၈၄၊ ၁၈၅ တို့၌လည်း ဋီကာကျော်အတိုင်းသင့်သည်မှတ်။ ၎င်း ပယ်ချက်၏နောက်နား၌ အနုပုဗ္ဗ ပဝတ္တိဒီပနတော ဟူသော ပဋိစ္စသမုပ္ပါဒ အဋ္ဌကထာဟိတ်ပါဠ်ကို လယ်တီဖွင့်သည် မယူနှင့် အကြောင်းကား သူ့အလိုနှင့် သူ ထင်သလိုဖွင့်ခြင်းကြောင့်တည်း။ ၎င်းဟိတ်ပါဠ်ကို မူလဋီကာ မဟာဋီကာ တို့ဖွင့်သည့် အတိုင်း ယူလေ။ ဤသတ္တာဟအရာ၌ သခေါပဋိကာ စကားများလည်း သုတ္တနိပါတ် အဋ္ဌကထာ ခုဒ္ဒပါဋ္ဌ အဋ္ဌကထာ စကားများနှင့် ညီ၏ဟု ဆိုသင့်၏။ အဟိတ်စိတ်အဟိတ်အဖွင့်၌ ရှိ၏။ နှစ်သတ္တာဟစီယူ၏။ သတ္တ သတ္တတိရတ္တိမှီ ဟူသော အဋ္ဌကထာစကားသည် (၇၇) ရက်အတွင်း၌ ဖြစ်သည်ဟုယူရမည်။ ဘုဿ ဆေးကျမ်း၌ ရက် ၉၀ အတွင်း၌ ဖြစ်သည်ဟုလာသည်။ ဤကဲ့သို့ ဖြစ်ရာ၌ စက္ခုစသည်တို့သည် အစင်အတိုင်းဖြစ်သည်မှတ်။ သံယုတ်ပါဠိ ပဌမံ ကလလံ ဟူ၍လာသောအရာ၌လည်း အစင်အတိုင်းဖြစ်ပုံကိုသာ ၎င်းအဋ္ဌကထာဖွင့်သည်။ ထို့ကြောင့် တပေါင်းတည်းဖြစ်သည်။ အဋ္ဌကထာယမှိ ဟူသော ဋီကာကျော်စကား၌ ဝုတ္တ သမုစ္စည်း အဝုတ္တ သမုစ္စည်းဖြစ်သော ပိသဒ္ဒါဖြင့် မာဂဓရေး ဓာတုဒီပနီဆေးကျမ်း သင်္ကဋ္ဌရေး ဘုဿုတဆေးကျမ်း တို့ကို ဆီးယူလေ။ စက္ခုဒသက ကလာပ်စသော လေးစီးတို့သည်။ သတ္တမ သတ္တာဟချည်းသာ ဖြစ်ကုန်၏။ သို့သော်လည်း တသတ္တာဟနှင့် တသတ္တာဟ လွန်မှ သောတစသည်တို့သည် ထင်ရှားဖြစ်ကုန်၏။

(၁၈၆) သုတ်မဟာဝါ သင်္ကပဉ္ဉာသုတ်ပါဠိ ၎င်းအဋ္ဌကထာ ဋီကာတို့နှင့် ဋီကာကျော်ဖွင့်သောစကား ညီသောကြောင့် အတိသုန္ဒရဖြစ်သည်။ လယ်တီဋီကာ မျက်နှာနံပါတ် ၂၇၀ ပဋိလောမ ၁၆ ကြောင်း ထေရေနစ နာမရူပပရိစ္ဆေဒဟု ဆို၍၎င်း ဤ၌မဆို ပရမတ္ထဝိနိစ္ဆယသည်သာ ၎င်းစကားကိုဆိုသည်။

ရူပပိုင်းစီစစ်ချက် ပြီး၏။

သမုစ္စည်းပိုင်း စီစစ်ချက်

လယ်တီဋီကာ မျက်နှာနံပါတ် (၂၀၉)၌ ဇတ္ထစဒ္ဓါသဋ္ဌိစသော စကား၌ အကျိုးမရှိသော်လည်း အရှင်အနုရုဒ္ဓါဆရာသည် နိပ္ပန္နရုပ်ယူလျှင် အနိပ္ပန္နရုပ်လည်း ပါပြီဖြစ်သောကြောင့် ဆိုသော အရာဖြစ်၍ အပြစ်မတင်သင့်ဥ ယူရမည်။

(၁၀၇)၌ နပုလ္လိင်၌ သက်သော ရိရိယ ပစ္စည်းကြံ၍ ကြိယံသည်ပေး ကြိယာတည်းဟူသော မိမိကို အတ္တာနံ ဟု ကံထည့် ဤကဲ့သို့ ပေးလျှင် မူလဋီကာနှင့် ညီ၏။ လယ်တီဋီကာကိုး၍ အပြစ်တင်သည်။

(၁၀၈၊ ၁၀၉၊ ၁၉၀) တို့၌ သုတ်ပါထေယျအဋ္ဌကထာနှင့် ဋီကာကျော်စကား ညီ၏။ ပဏိဓိသုတ်ပြောသည်ထင်ရှားသည်။

(၁၉၁၊ ၁၉၂) တို့၌ မဂ္ဂေါ အနာဂတသာမည ကိလေသဇာတံ ပဇဟတိတိ တတ္ထ တတ္ထဝုတ္တော တတ္ထ အနာဂတ သာမညန္တိအနာဂတ သမ္မတံ နု ကေန္တိ အနာဂတံ ဟူသော သာဓကဆောင်၍ လယ်တီဋီကာ မျက်နှာနံပါတ် ၂၉၆ ၌ သာဓကဆောင်၍ဖွင့်၏။ မဂ္ဂေါအနာဂတသာမည် ဟူသောစကားသည် ပါဠိဋ္ဌ အဋ္ဌကထာဋီကာတို့မှာ မရှိ၊ အနာဂတ သာမည်ကို အနာဂတသမ္မတံဟု ဖွင့်ခြင်း သည်လည်း သာမညနာမ် ဂုဏနာမ် အစွဲနာမ်ပုဒ်ကို ကြည့်၍ အနုသယသည် ကာလသုံးပါးမှာ ဖြစ်သော ကိလေသာဟု ဆိုခြင်းသည်လည်း အတိတ်ပစ္စုပ္ပန် ကိလေသာတို့သည် ကာလပြားသော်လည်း သဘောမပြား ပရိယာယ်အားဖြင့် အနုသယမည်ကြောင်းရည်၍ ဆိုသည်။ ထို့ကြောင့် ဋီကာကျော် ဆိုတိုင်း မှတ်အပ်၏။ အတိတ်ပစ္စုပ္ပန် ကိလေသာတို့ကို ဘူတပုဗ္ဗဂတိကနည်းအားဖြင့် သာနုသယဆို၏ အတိတ် ပစ္စုပ္ပန်ဖြစ်လျှင် ဥပ္ပဇ္ဇန မာန ရဟ ဟုမဆိုရ စင်စစ်အားဖြင့် အနာဂတ် ကိလေသာယူဟု အနုဋီကာလာသည်။ ကာမဘဝ နာမေတိ ကာမဘဝသဓိတံ အာရမ္မဏာနံ နာမေဟူသော စကားဖြင့် ကာမဘဝစသည်ဖြင့်

အာရုံအမည်နှင့် စပ်လျှင်း၍ လာသောအရာ၌ အခြားတရားကို မကောက်ရ တဏှာကိုသာ ကောက်ဆိုလိုသည်။ ကာမိယတိ ကာမော စသည်ဖြင့် အာရုံဖြစ်သောတရားကို ဝိဂြိုဟ်ပြု၍ ဥပမာစကားအားဖြင့် အာရမ္မဏိက တဏှာကို ယူရမည်မဟုတ် ဝိဂြိုဟ်ပြုရကား ယထာကိဉ္စိ ဗျှပ္ပတ္တိဟူသည်နှင့် အညီ ထိုက်သည်အားလျော်စွာပြုလေ ၁၉၀ ပယ်ချက်နှင့် စပ်၍ ကြည့်လေ။

(၁၉၃၊ ၁၉၄) တို့၌ မဂ္ဂင်သဒ္ဒါ၏ ဝိဂြိုဟ်နှစ်ရပ်တွင် ပဌမဝိဂြိုဟ်ဖြင့် မိစ္ဆာမဂ် သမ္မာမဂ်နှစ်ပါးနှင့် ဆက်ဆံအောင်ပြသည်။ ဒုတိယ ဝိဂြိုဟ်ဖြင့် ကြိယာမဂ်ကိုသာပြသည်။ ထို့ကြောင့် အသင့်မှတ်လေ။ လယ်တီဋီကာမျက်နှာနံပါတ် ၃၂၀ ပယ်ချက်၌ လယ်တီဆရာသည် ဣန္ဒြေ ၂၂-ပါးကိုသာ တွေ့ဘူးသည်။ သည်မှတပါး လောကီကပွတံဆာ ဆေးကျမ်း လာသည်ကို မတွေ့ဘူး သော်လည်း သဂ္ဂဒုဘုဿုဆေးကျမ်း၌ နားဣန္ဒြေအရေ စက္ခုလျှာဃာန စကား ဥ အင်္ဂါဇာတ် ဝစ္စမဂ်ချေး စိတ် ဣန္ဒြေလာ၏။ ထိုသို့ လာရာ၌ စကား ဣန္ဒြေကို ယူသဖြင့် ကာယိန္ဒြေ၌ အတွင်းဝင်သောကြောင့် အသီးအခြားယူဘွယ်မရှိသောကြောင့် အဓိပ္ပေတတ္ထ သိဒ္ဓိဟု ဋီကာကျော်ဆရာဆိုသည်။ ထို့ကြောင့် ဋီကာကျော်အတိုင်းသင့်၏။

(၁၉၅) လယ်တီဋီကာကား ဗလဝသဒ္ဒါ မတုံလှုပ်ခြင်းအနက်ကို ဟော၏ဟု ယူသည်။ ဋီကာကျော်ကား မတုံလှုပ်ခြင်းအနက် မြဲမြံခြင်းအနက် ၎င်းနှစ်ပါး ဟောသည်ဟု ယူရမည်။ နာမရူပ ပရိစ္ဆေဒ၌ လာသည်အားလျော်စွာ ဋီကာကျော်ဆရာသည် ဤနှစ်ပါးသော ဗိုလ်တို့၌ ဆန့်ကျင်ဘက် အားဖြင့် မထင်ရှားသော သဘောအားဖြင့် အားရှိခြင်း ထင်ရှားသည်ဟု နှုတ်ဆိုးသွင်း၍ ဋီကာကျော်ဆရာဆိုသည်။ ထို့ကြောင့် ဋီကာကျော်အတိုင်းပင် ဤအရာ၌ မြဲမြံဆိုသည်ကား သဘောအားဖြင့် အားရှိသည်ကိုပင်ဆိုသည်။

(၁၉၆) ၌ ကေ ဟေတု ကေသု ဟူသော ဋီကာကျော်ပါဠို၌ ကောဟေတု အဟေတုကာစ ကေဟေတုကောဟု ကေသိက်ပြု၍ ကေသိက်ဇော အဟိတ်

ဇောကိုယူလျှင် အပြစ်တင်ဘွယ်မရှိ၊ လယ်တီဋီကာ၌ ဇဝနသဒ္ဒေနာတိ ဘူမကာနိ ဟူသောစကား၌ အဟေတုက ဒွိဟေတုက တိဟေတုက ဝိပါကာနိ နိဝတ္တေတိဟု အဟိတ်ဝိပါက်ကိုထည့်၍ ဆိုသင့်သည်။ အဟိတ်ဝိပါက်ကို ထည့်၍မဆိုသင့်။

(၁၉၇၊ ၁၉၈၊ ၁၉၉) တို့၌ ဋီကာကျော်ဆရာက သဒ္ဒယုတ္တိ အတ္ထယုတ္တိနှစ်ပါး ရှိအောင် အနုပဿနာ၌ အနုရှေးရှိသော ဒိသဓာတ် ယုပစ္စည်းဖြစ်သောကြောင့် ယုပစ္စည်း ဏ္ဍုပစ္စည်းတို့နှင့် ယှဉ်ရာ၌ ဆင်ခြင်ဆိုသော သဒ္ဒါဆရာ၊ ယုဏ္ဍုတုပြိ ပစ္စည်းမှိ ဆင်ခြင်နေ စေဟူသော နိယံဆရာတို့ဆိုသော စကားအားလုံးဝင်အောင် ဆင်ခြင်ထား၍ သမာသ်တွဲသည်။ လယ်တီဋီကာကား အတ္ထယုတ္တိသာကြည့်၍ သဒ္ဒယုတ္တိမကြည့်ဘဲ ကာယေန အနုပဿနာဟု ပြု၏။ သမ္မောအဌကထာ၌လည်း ကာယာနုပဿတိ လောကံဝါ အနုဿတိဟု ကံ အနက်ဖွင့်သောကြောင့် သမ္မောအဌကထာနှင့်လည်းညီ၏။ သဒ္ဒယုတ္တိ အတ္ထယုတ္တိနှစ်ပါးရှိ၏။ ထို့ကြောင့် ဋီကာကျော်အတိုင်းပင် သင့်၏။

ၚင်း (၁၉၉) အောက်၌ သမ္ပကတ္ထ သခ်ါရ ဟူသော ပယ်ချက်၌ ဓမ္မသဒ္ဒါ သာမည ဟောသော်လည်း ဤသတိပဋ္ဌာန်အရာ၌ ကာယာနုပဿနာသတိပဋ္ဌာန်ဖြင့် ရူပက္ခန္ဓာ ဝေဒနာ နုပဿနာဖြင့် ဝေဒနက္ခန္ဓာ စိတ်တုံဖြင့် စိတ်ကို ရသောကြောင့် ဓမ္မာနုပဿနာ၌ ဓမ္မအရာ၌ သခ်ါရ ပြဋ္ဌာန်းသော်လည်း ဋီကာအတိုင်းသင့်၏ သမ္မောအဌကထာနှင့်ညီ၏။ လယ်တီဋီကာ မျက်နှာနံပါတ် (၃၁၀) အထက်ပယ်ချက်၌ သမုစ္စည်းဆိုသည်။ သုတ္တန်အဘိဓမ္မာ နှစ်ပါး ရောပြွမ်း၍ ပြသောအရာဌာန ဖြစ်၍ ဋီကာကျော်အတိုင်းသင့်၏။ သုတ္တန် အဘိဓမ္မာနှစ်ပါးရောပြွမ်း၍ ပြမှန်းကို သံယောဇဉ်တို့ကို ထောက်၍ သိ ။ လယ်တီဋီကာ (၃၁၆) ပယ်ချက်၌ ဥပမာ ငါးပါးနှင့် ခန္ဓာငါးပါး ကံတူ၏။ ၚင်းစကားကို ဋီကာကျော်မဟာဋီကာနှင့်အညီရေးသည်။ မဟာဋီကာလည်း ဝိသုဒ္ဓိမဂ်အဌကထာ နာမရူပ ပရိစ္ဆေဒကျမ်းတို့နှင့် အညီ ရေး၏။ ထို့ကြောင့် ဋီကာကျော်အတိုင်းသင့်၏။ မျက်နှာနံပါတ် (၃၂၄) ၌ အနုပါဒိသေသနိဗ္ဗာန်သို့

မရောက်မီ သဉ္ဇပါဒိသေသ နိဗ္ဗာန်သည် ချုပ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဋီကာကျော်အတိုင်းသင့်၏။ အဋ္ဌကထာကြီးများ၌ နိရောဓ ပစ္စယတ္တာဟုဆို၏။

သမုစ္စည်း စီစစ်ချက် ပြီး၏။

ပစ္စည်းပိုင်း စီစစ်ချက်

(၂၁၆) ပစ္စည်းတို့ကို ဆိုသဖြင့် ပစ္စယုပ္ပန်ကျေးဇူးပြုသော အခြင်းအရာ၏ ပစ္စည်းပိုင်းဖြစ်သောကြောင့် ပစ္စယေ ဒသေတုံဟုဆိုသည်။ ထို့ကြောင့် ဋီကာကျော်သင့်၏။

(၂၁၇) ဒွေ ဟ ပစ္စည်း ၉ ပစ္စည်းတို့သည်ကား ဌာနသတ္တမီအနက်ဟော၏။ ဒါနိပစ္စည်းဖြစ်သော ကာလသတ္တမီဖြင့် ဋီကာကျော် ဆရာဖွင့်သည်။ ထို့ကြောင့် အသင့်ပင် ဋီကာကျော်နှင့်လည်းညီ၏။

(၂၁၈) ဋီကာဟောင်းကိုကြည့်၍ ဋီကာကျော်ကား သမ္မောအဋ္ဌကထာဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ကို မကြည့်။ ထို့ကြောင့် လယ်တီဋီကာဆိုတိုင်း ဋီကာကျော်သည် ချော်ပစ္စည်းသက်၏။ လယ်တီဋီကာ ၃၃၁ မျက်နှာနံပါတ် အဒ္ဓပုဒ် ဝစနတ္ထဒွ် အဒ္ဓါန ဝန္တောဟု ဆိုခြင်းသည် မှား၏။ အဒ္ဓါန သဒ္ဒါ ခရီးဟောသာရှိသည်။ ကာလဟောမရှိ အဒ္ဓါ အဝွန့်ဟု အနက်မပေးနှင့် ကာလဟုပေး အဝွန့်ဆိုသည်ကား ခရီးကိုဆိုသည်။ ဤအရာ၌ ခရီးကို မလိုအပ်။

(၂၁၉) လယ်တီဋီကာ၌ အဒ္ဓါ သဒ္ဒါ ကာလမဟောဟုပယ်၏။ အဒ္ဓ သဒ္ဒါ ကာလဟော၏။ မာဂဓ အဘိဓာန်ဋီကာကိုရှု၊ ဤကဲ့သို့ အတတိ သတတိ စသည်ဖြင့်ပြု၍ အဒ္ဓါန ဟု နိပ္ပန္နချသင့်လျက် မချမူ၍ အဒ္ဓါဟု ချခြင်းသည် မှား၏ဟု လယ်တီဋီကာအပြစ်တင်၏။ ဤအတိတ ဝစနတ္ထဒွ် ကရဏသာဓ်ပြုလျှင် ခရီးရ၏။ ကာလပြုလျှင် ကာလရ၏။

ဒုတိယ ၂၁၉ အထူးမပြောသာ။

(၂၁၀) ဋီကာကျော်ဖွင့်ပုံ ပစ္စယသတ္တပျောက်၍ ဒွိပကာရဠဒ္ဓ နာဝိဘတ်ကို အာပြု၍ ဒွိပကာရာ နှစ်ပါးသော အပြားအားဖြင့် အနက်ပေးလျှင် ကောင်းသေး၏။

(၂၁၁) ဋီကာကျော်မှား၏။ လယ်တီမှန်၏။

(၂၁၂၊ ၂၁၃၊ ၂၁၄) တို့၌ လယ်တီဋီကာ ပါဠိတော်နှင့် ညှိနှိုင်းစီစစ်၍ ဖွင့်၏။ ဋီကာကျော်ကား ပါဠိအသွားအလာအတိုင်းဖွင့်လျှင် အလွန်ကျယ်သည်ဖြစ်သောကြောင့် သမာသေန ဝဏ္ဏယိဿံ ဟူသည်နှင့်အညီ အရှင်အနုရုဒ္ဓါဆရာ၏။ သံဝဏ္ဏေတဗ္ဗအားလျော်စွာ ဥပလက္ခဏနိဒဿန နည်းမျှဖွင့်၏။ အကျဉ်းဖွင့်သောကြောင့် ပဌာန်းအသွားအလာနှင့် မညီဟု မဆိုသင့်။

(၂၁၅) အလေးအမြတ်ပြု၍ ဆင်ခြင်အပ် သာယာအပ်သောတရား အလေးအမြတ်ပြု၍ ဆင်ခြင်တတ်သာယာတတ်သောတရား မခွဲခြမ်းဘဲဖွင့်သောကြောင့် ကရောက်ကရက်ဟု လယ်တီဋီကာဆိုသည်။ တဥ္ဉိစျာန မဂ္ဂဖလဟူသော ဝါကျ၌ စျာနာဒိမဂ္ဂဖလဟု ဆိုလိုလျက် အကျဉ်းဖွင့်သောကြောင့် အာဒိသဒ္ဒါ မထည့်ဘဲ ဆိုသည်ဟု ယူစရာရှိ၏။ လယ်တီကဲ့သို့ မစပ်ဘဲဖွင့်သောကြောင့် ခပ်မှားမှားဖွင့်ရှာ၏။

(၂၁၆) ၌ ဗျတိရိုက် လှန်သည့်အတွက် လယ်တီဋီကာ ဆရာတင်သော အပြစ်ရောက်၏။

(၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀) တို့၌ ဋီကာကျော်ချော်ပစ္စည်းသက်၏။

(၂၂၂) ဋီကာကျော်မှန်၏။

(၂၂၃) ၌ သမ္ဘာရ သန္နိဿော ကာရ မုပါဒါယ ဟူသော စကားကိုထောက်၍ ဋီကာကျော်ဆိုသော သမူဟ ပညတ်အမှန်ပင်ဖြစ်သည်။ ပုဒ်စစ်နှင့်ညီ၏။

ပစ္စည်းပိုင်း စီစစ်ချက် ပြီး၏။

ကမ္မဋ္ဌာန်းပိုင်း စီစစ်ချက်

လယ်တီဋီကာ ၃၆၂ ပဋိလောမကြောင်း ဤသက်ဟ ဆရာသည်။ နာမရူပ ပရိစ္ဆေဒဉ် စရိယာဟုရေး၏။ သင်္ဂဟဉ်ကား အရှင်ဗုဒ္ဓဓာတ်ရေးသော အဘိဓမ္မာ-ဝတာရမှီ၍ စရိယာ စရိတဟုရေး၏။ ထို့ကြောင့် ပုဂ္ဂိုလ်အရာ မဟုတ်သော်လည်း စရိယာ စရိတ နှစ်ပါးလုံးပင်သင့်၏။ ၎င်းအောက်ပါအချက်၌ တခုသော ကမ္မဋ္ဌာန်းပေးဆိုသည်ကား ဥဇုပဋိပန္နဖြစ်သော ကမ္မဋ္ဌာန်းကိုဆို၊ ပုဂ္ဂိုလ် တယောက် စရိုက်နှစ်ပါးသုံးပါး ပေးသော ကမ္မဋ္ဌာန်းကို ပေးသည်သာတည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မပြခြင်းသည်ကား ၆-ပါးသော စရိုက်ပြလျှင် သုံးပါးသော စရိုက်အတွင်းဝင်ပြီးဖြစ်သောကြောင့် မပြသည်။ ဋီကာကျော်ဆရာသည် မဟာဋီကာနှင့်လည်းညီ၏။ ထို့ကြောင့် ဋီကာကျော်သင့်၏။ ဋီကာကျော်ပြသော ကေစိဝါဒ ၆-ပါးလေးပါးလည်း နေတို့နှင့်ညီသောကြောင့် အသင့်ပင်တည်း။ မျက်နှာနံပါတ် ၃၆၆ ၌ လယ်တီဋီကာဆိုသော ထွက်သက်ဝင်သက် မပြတ်ဖြစ်၏ ဟူသည် ပညတ်အာရုံဖြစ်မှ မပြတ်ဖြစ်သည် ပညတ်အာရုံမဖြစ်က မဖြစ်နိုင်။ ထို့ကြောင့် ဋီကာကျော်အတိုင်း သင့်သည်မှတ်။

ကမ္မဋ္ဌာန်းပိုင်း စီစစ်ချက်ပြီး၏။



ဤတွင် မန်လည်ဆရာတော်ဘုရားကြီးသည်
ရေးသားဆုံးဖြတ်တော်မူအပ်သော ဋီကာကျော်
ဝိဝါဒ ဝိနိစ္ဆယ ကျမ်းသည်
ဆုံးခန်းတိုင်မြောက်
ပြီးဆုံးခြင်းသို့
ရောက်ပြီ

ဝမ္မဒါန အလှူရှင်

ဦးကျော်သူ + ဒေါ်လှလှဝင်း

ဇေယျာသုဝပုံနှိပ်တိုက်

၁၆၃၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။